စိတ်ကူးချိုချိုအနုပညာ

တစ်ခေတ်က ကျောင်းသုံးစာအုပ်လာ ကလေးကြိုက်ပုံပြင်များ

ခင်မောင်တိုး(မိုးမိတ်)

မြန်မာပြန်

mgyee.com

တစ်ခေတ်က

ကျောင်းသုံးစာအုပ်လာ

ကလေးကြိုက်ပုံပြင်များ

ခင်မောင်တိုး(မိုးမိတ်)

မြန်မာပြန်

KMT0014
2,300.00 KS

mgyoe.com

တစ်ခေတ်ကကျောင်းသုံးစာအုပ်လာ ကလေးကြိုက်ပုံပြင်များ။ ခင်မောင်တိုး(မိုးမိတ်)
စာမျက်နှာ ၂၅၄+ မျက်နှာ၊ ၁၂.၈စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

တစ်ခေတ်က ကျောင်းသုံးစာအုပ်လာ ကလေးကြိုက်ပုံပြင်များ

ခင်မောင်တိုး(မိုးမိတ်)

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မာတိကာ

*	ဘာသာပြန်သူ၏ အမှာ	(က–ခ)
၁။	ပဋိညာဉ်စာချုပ်	၁
၂။	သတ္တိကောင်းတဲ့ အမျိုးသမီးကြီး	၅
၃။	နှစ်သုံးထောင်က ဗလာစာအုပ်လာ ပုံပြင်တစ်ပုဒ်	၉
၄။	မစစ်ရဘဲ ပေါ်	၁၁
၅။	မှော်ဝင် ငွေဖိနပ်ကလေးတစ်ရံ	၁၅
၆။	တန်ဖိုးကြီးတဲ့ မိတ်ဆွေများဘဝ	၃၆
၇။	ကြောက်စိတ်ကင်းတဲ့ ဂျီအိုဗင်နီနို	၄၃
၈။	လိမ္မာပါးနပ်လှတဲ့ ရက်ကန်းသမား	၅၀
၉။	ကြက်နီမလေး	၅၈
၁၀။	တံခါးမှူးရဲ့ သမီး	၆၃
၁၁။	ကမ္ဘာသူ၊ ကမ္ဘာသားတွေအတွက် မီး	၇၈
၁၂။	လပေါ်ကလူ	၈၄
၁၃။	ရက်အင်ဒီးယန်းလေး ဟောဝါသာ	၈၉

mgyoe.com

mgyoe.com

၁၄။	မိုး	၉၅
၁၅။	ဂီတသမား ဖြစ်ချင်လွန်းလို့ ဖအေကို အာခံခဲ့သူ	၉၉
၁၆။	အဝေးပျံတဲ့ ငှက်ကလေးတွေ	၁၀၃
၁၇။	သူတို့ ဘာတွေပြောကြပါလိမ့်	၁၀၆
၁၈။	ငှက်မကြီးနဲ့ ငှက်ပေါက်ကလေးသုံးကောင်	၁၀၉
၁၉။	ရဲရင့်တဲ့ စက်ချုပ်သမားလေး	၁၁၃
၂၀။	ဘုရင်နဲ့ ကံကြမ္မာ နတ်သမီး	၁၂၃
၂၁။	တရားမျှတမှုရဲ့ ဘက်တော်သားကြီး	၁၃၂
၂၂။	ရသေ့နဲ့ ကြွက်မလေး	၁၃၉
၂၃။	မြင်းချောကြီးနဲ့ အဇစ်	၁၄၄
၂၄။	တောမီး	၁၅၃
၂၅။	ကျွန်းသားများ	၁၅၈
၂၆။	လူရိုးရှာပုံတော်	၁၆၇
၂၇။	နောက်ဆုံး ဂါရဝပြုကြခြင်း	၁၇၀
၂၈။	ဆီရီဖာဟာန်	၁၇၃
၂၉။	ရှာပေဦးတော့ ထမင်းထုပ်ကြီးနဲ့	၁၇၉
၃၀။	ဖွင့်ခွင့်မပြုတဲ့ ခန်းမတံခါးကြီး	၁၈၈
၃၁။	ကုလားအုတ်နဲ့ ကြွက်ကလေး	၁၉၈
၃၂။	မြက်ခင်းထဲက မိန်းမပျို	၂၀၃
၃၃။	ဘုရင်ကြီးနဲ့ စာကလေး	၂၀၈
၃၄။	ကုန်သည်ကြီးနဲ့ မီးခွက်စောင့်ဘီလူးကြီး	၂၁၅
၃၅။	ဖာရို့ခန်နဲ့ ဆာကီနာ	၂၃၂

mgyoe.com

mgyoe.com

၃၆။ လငပုပ်ဖမ်းတဲ့ပုံပြင် ၂၃၈

၃၇။ လိုင်လာမင်းသမီးလေးနဲ့
ညီအစ်ကိုသုံးယောက် ၂၄၃

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဘာသာပြန်သူ၏ အမှာ

ဒီစာအုပ်မှာပါတဲ့ ပုံပြင်တွေကို ကျွန်တော် ဘာသာပြန် ထားတာ အတော်ကြာသွားခဲ့ပါပြီ။ နှစ်အတိအကျ မမှတ်မိတော့ သော်လည်း "ရွှေရိုး"စာစောင်၊ "ပိတောက်မြေ"မဂ္ဂဇင်းထွက်စ ကာလက ရွှေရိုးနဲ့ ပိတောက်မြေမှာသုံးခဲ့တဲ့ ပုံပြင်တွေပဲ ဖြစ်ပါ တယ်။ နောက်ပိုင်း လုံးချင်းတွေဘက် လှည့်လိုက်တဲ့အခါ ဒီပုံပြင်လေးတွေကို မေ့သလို ဖြစ်နေမိပါတယ်။

ဒီပုံပြင်တွေကို ဘာသာပြန်စဉ်ကတော့ လုံးချင်းရေးဖို့ အခွင့်အရေးက သိပ်ကို နည်းပါးနေချိန် ဖြစ်ပါတယ်။ ဒီတော့ ဝယ်ထားတဲ့ အင်္ဂလိပ်ပုံပြင် စာအုပ်တွေကို ပြန်ဖတ်၊ ဟိုး... နှစ်ပေါင်းများစွာက ပြဋ္ဌာန်းခဲ့တဲ့ ကျောင်းသုံးအင်္ဂလိပ်ဖတ်စာအုပ် ကလေးတွေကို ပြန်ဖတ်ရာမှ ဒီပုံပြင်တွေကို ဘာသာပြန်မိခဲ့ ပါတယ်။ ကျောင်းသုံးစာအုပ်ထဲက ပုံပြင်တွေဟာ ခပ်တိုတို လေးတွေ များပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ တိုတာ၊ ရှည်တာကို သိပ်ထည့်မထွက်ပါဘူး။ ကျွန်တော် ခံစားလို့ရရင် ပြန်လိုက်တာပါပဲ။ အဲ...လုံးချင်းပုံပြင်နဲ့ ပတ်သက်ရင်လည်း

mgyoe.com

mgyoe.com

ဒီအတိုင်းပါပဲ။ လုံးချင်းထဲက ပုံပြင်တွေကတော့ ရှည်တာများပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ခံစားရလို့၊ နှစ်သက်မြတ်နိုးလို့ ပြန်ခဲ့တဲ့ ပုံပြင်ကလေးတွေ တစ်စုတစ်စည်းတည်း ဖြစ်သွားတော့ ဝမ်းသာပီတိဖြစ်ရတာ အမှန်ပါ။

ဒီစာမူ ကိုစန်းဦး(စိတ်ကူးချိုချို)ဆီ ရောက်သွားတာကလည်း ကိုစန်းဦးက "ပုံပြင်လည်း ထုတ်ချင်ပါတယ်"လို့ ပြောဖူးထားလို့ပါ။ ခုတော့ ကျွန်တော့် ဘာသာပြန်ပုံပြင် အထူ၊ အပါး နှစ်မျိုးစလုံးကို ကိုစန်းဦး ထုတ်ပေးခဲ့တာ အတော်များလာ ခဲ့ပါပြီ။ စာမူပေးတိုင်း လက်ခံထုတ်ပေးတဲ့ ကိုစန်းဦး(စိတ်ကူး ချိုချို)ကို ကျေးဇူးတင်မိပါတယ်။

ထုတ်ဝေသူနဲ့ စာဖတ်သူများ အားလုံးကို ထာဝရမေတ္တာ ပို့ပါမည်။ လေးစားခင်မင်နေပါသည်။

လေးစားချစ်ကြည်စွာဖြင့်...

ခင်မောင်တိုး(မိုးမိတ်)

၃-၁၂-၂၀၁၅

mgyoe.com

mgyoe.com

ပဋိညာဉ်စာချုပ်

အင်္ဂလန်နိုင်ငံမှာ ဌျွန်လို့အမည်ရှိတဲ့ ဘုရင်တစ်ပါး ရှိခဲ့ဖူးတယ်။ ဌျွန်ဟာ လူကောင်းမဟုတ်ဘူး။ ဘုရင်ကောင်းလည်း မဟုတ်ဘူး။ သူဟာ သိပ်ရက်စက်တယ်။ မှန်မှန်ကန်ကန် ဘယ်တော့မှ မကျင့်ကြံဘူး။ အဖေ့အပေါ်လည်း မကောင်းဘူး။ ညီအစ်ကိုတွေအပေါ်လည်း မကောင်းဘူး။ မိတ်ဆွေ အပေါင်းအသင်းတွေအပေါ်လည်း မကောင်းဘူး။

ဌျွန်ဟာ သူစိတ်ကျေနပ်ဖို့ပဲ ဂရုစိုက်တယ်။ ဦးစားပေးတယ်။ သူလိုတာရဖို့အတွက် ရက်စက်ယုတ်မာခဲ့တာတွေကတော့ မရေတွက်နိုင်ဘူး။ ဥပဒေကို ချိုးဖောက်ဖို့လည်း ဝန်မလေးဘူး။ ကတိလည်း ဘယ်တော့မှမတည်ဘူး။

ယုတ်စွအဆုံး တိုင်းသူပြည်သားတွေဆီက ငွေကိုတောင် အဓမ္မယူတယ်။ ဓားပြတိုက်တယ်။ လူတွေကို ထောင်ချတယ်။

mgyoe.com

mgyoe.com

သူ့ဆန္ဒအတိုင်း မလုပ်ပေးတဲ့ လူမှန်သမျှကို သတ်ပစ်တာချည်းပဲ။ ကုန်ကုန်ပြောရရင် သူစားပြတိုက်တာ ဘုရားကျောင်းတောင် မကျန်ဘူး။

ဒီတော့ ပြည်သူပြည်သားတိုင်းလောက်နီးနီးက သူ့ကို မုန်းတီးရွံရှာကြတော့တာပေါ့။ မှူးမတ်တွေကလည်း သည်းမခံနိုင်တော့တဲ့အဆုံးမှာ စိတ်တူသဘောတူ ဆုံးဖြတ်ချက်ချလိုက်ကြတယ်။ ရက်စက်တဲ့ဂျွန်ရဲ့ ယုတ်မာတဲ့လုပ်ရပ်တွေကို အဆုံးသတ်ပစ်ဖို့ အဆုံးအဖြတ်ပေါ့။

ဆုံးဖြတ်ချက် ချပြီးတာနဲ့ မှူးမတ်တွေက မမျှမတ မမှန်မကန် ဆက်အုပ်ချုပ်သွားရင်၊ လူတွေကို လွတ်လပ်ခွင့်မပေးရင် သူ့ကို ဘုရင်အဖြစ် လက်မခံနိုင်တော့ဘူးလို့ စာရေးအကြောင်းကြားလိုက်ကြတယ်။

ပထမတော့ ဂျွန်က စာပါအကြောင်းအရာတွေကို ဖတ်ပြ

mgyoe.com

mgyoe.com

တော့ ဂရုတစိုက်တောင် နားမထောင်ဘူး။ နားမထောင်တဲ့အပြင် ဘုရင်မှာ သူကြိုက်တာ လုပ်ပိုင်ခွင့်ရှိတယ်လို့တောင် ပြောလိုက်သေးရဲ့။ ဒါပေမဲ့ အမတ်ကြီးတွေဟာ သူတို့ပြောတဲ့အတိုင်း လုပ်ကြမယ့်ပုံရလို့ အမတ်တွေနဲ့ တွေ့ဆုံဖို့၊ သူတို့ဆန္ဒကို ကြားနာဖို့ ဂျွန်သဘောတူ လိုက်လျောလိုက်ရတယ်။

ဒါကြောင့် တစ်နေ့မှာ "သိမ်း" မြစ်ဘေးက မြက်ခင်းပြင်စိမ်းစိမ်းမှာ ဂျွန်ဘုရင်နဲ့ မှူးကြီးမတ်ကြီးတွေ တွေ့ဆုံဆွေးနွေးကြတယ်။ အဲဒီမြက်ခင်းပြင်ကို "ဆွေးနွေးပွဲ မြက်ခင်းပြင်" လို့ ခုထိခေါ်တွင်နေကြတုန်းပဲလေ။

ဆွေးနွေးကြမည့် အဲဒီနေ့မှာ မှူးကြီးမတ်ကြီးတွေက ဘုရင်လက်မှတ် ထိုးပေးရမယ့် အချက်အလက်တွေ ရေးထားတဲ့ ပုရပိုက်တစ်ခု ယူလာခဲ့ကြတယ်။

အချက်အလက်တွေထဲမှာ ပြည်သူများရဲ့ ပစ္စည်းဥစ္စာတွေကို အဓမ္မမယူဖို့၊ မှုမှုတတ မှန်မှန်ကန်ကန် စစ်ဆေးမှု မရှိဘဲ ပြည်သူပြည်သားများကို ထောင်မချဖို့ ပါရှိတယ်။ ဒါတွင်မကဘူး၊ ဂျွန်ဘုရင် ကျူးလွန်ခဲ့တဲ့ ရက်စက်ယုတ်မာတဲ့ လုပ်ရပ်တွေကိုလည်း ဖော်ပြထားတယ်။ "ဒီလို လုပ်ရပ်မျိုးတွေကို နောင် ဘယ်တော့မှ မလုပ်တော့ပါဘူး" လို့ ကတိပြုအောင် ဘုရင်ကို အကျပ်ကိုင်ဖို့ သူတို့ ဆုံးဖြတ်ထားပြီးကြပြီလေ။

မှူးကြီးမတ်ကြီးတွေက ပုရပိုက်ထဲမှာ ရေးထားတာတွေကို ဖတ်ပြပြီး ဘုရင်ကို လက်မှတ်ထိုးဖို့ ခိုင်းတယ်။ လက်မှတ်ထိုးမှလည်း သူကတိပြုပါတယ်ဆိုတာ ပြောလို့ဖြစ်မှာကိုး။

သူလုပ်ချင်တာတွေ လုပ်ပိုင်ခွင့်မရှိတော့မှန်း သိသွားတော့

mgyoe.com

mgyoe.com

ဂျွန် ဒေါပွသွားတယ်။ ဒါပေမဲ့ သူ့မှူးကြီးမတ်ကြီးတွေရဲ့ မျက်နှာကို မသိမသာ လှည့်အကဲခတ်လိုက်တော့ မျက်နှာတွေ အားလုံးက အတော့်ကို ခက်ထန်နေတယ်။ ဒီတော့ ကတိမပေးရင် သူ့ကို ဘုရင်အဖြစ်က ဖယ်ရှားပစ်ကြတော့မှာပဲဆိုတာ သိတယ်ပေါ့။

ဒါကြောင့် ဘုရင်အဖြစ်ကို မက်မောလွန်းလှတဲ့ ဂျွန်က ပုရပိုက်ပေါ်မှာ ဘုရင့်တံဆိပ်တော်ကို ခတ်နှိပ်ပေးလိုက်တယ်။ ကဲ... မဟာကတိစာချုပ်ကြီးကို မှူးကြီးမတ်ကြီးတွေ ပြုလုပ်နိုင်ခဲ့ကြပြီ။ ဒီဘုရင် တံဆိပ်တော်ခတ်နှိပ်ထားတဲ့ ပုရပိုက်ကြီးကို ပဋိညာဉ်စာချုပ်" လို့ ခေါ်တွင်ခဲ့ကြတယ်။

ဂျွန်ဟာ ကတိစာချုပ်မှာ ဘုရင်တံဆိပ်တော် ခတ်နှိပ်ပေးခဲ့ပေမဲ့ သူ့နန်းသက်တိုတိုလေးအတွင်းမှာ သူထင်ရာ ဆက်လုပ်တာပါပဲ။ ကတိလည်း မတည်ဘူး။ ဒါပေမဲ့ အဲဒီ "ပဋိညာဉ်စာချုပ်" ကတော့ အတော့်ကို အကျိုးပြုခဲ့တယ်။ အဲဒီ "ပဋိညာဉ်စာချုပ်" ကြောင့် အင်္ဂလန်နိုင်ငံ ဘုရင်နဲ့ ဘုရင်မတွေဟာ ထင်ရာစိုင်းခွင့် မရှိဘူးဆိုတဲ့ ဥပဒေအတည် ဖြစ်ခဲ့ရတယ်။ ဘုရင်၊ ဘုရင်မတွေရဲ့ လုပ်ပိုင်ခွင့်ကို တရားဥပဒေနဲ့ ပြဋ္ဌာန်းပေးနိုင်ခဲ့တယ်။ အဲဒီ ဥပဒေကိုတော့ ပြည်သူများကရော၊ ဘုရင်နဲ့ ဘုရင်မများကပါ ထာဝရ လိုက်နာကျင့်ကြံရတယ်။

The Completehistory Readers No. II.

❐

mgyoe.com

mgyoe.com

သတ္တိကောင်းတဲ့ အမျိုးသမီးကြီး

အင်္ဂလန်နိုင်ငံမှာ ဟိုးတစ်ချိန်တုန်းက စစ်ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့တယ်။ ဒီစစ်ပွဲမှာ ပြည်သူတွေဟာ တိုင်းတစ်ပါးက ရန်သူတွေကို ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ကိုယ့်လူမျိုးအချင်းချင်း တိုက်ကြခိုက်ကြတယ်။

အဲဒီကာလက အင်္ဂလန်နိုင်ငံ ဘုရင်ဟာ လူကောင်းတစ်ဦးပါပဲ။ ဒါပေမဲ့ တစ်ခါတစ်ရံမှာ အတော့်ကို မိုက်မဲသူတစ်ဦးလို့ ဆိုရမှာပဲ။ သူဟာ ပြည်သူအချို့ကို ဒေါသထွက်အောင် ဖန်တီးခဲ့တယ်။ ဒါကြောင့်လည်း အဲဒီပြည်သူအချို့က သူ့ကို ဘုရင်အဖြစ် ဆက်မထားလိုကြတော့ဘူး။

ဒါပေမဲ့ တချို့ကျပြန်တော့ ဘုရင်ဘက်မှာရှိနေကြပြန်တယ်။ ဒါကြောင့်မို့လည်း အင်္ဂလိပ်လူမျိုးတွေက အင်္ဂလိပ်လူမျိုးတွေကို နှစ်အတန်ကြာအောင် တိုက်ခိုက်နေခဲ့ကြတာပဲပေါ့။

mgyoe.com

mgyoe.com

ဘုရင့်ဘက်တော်သား မှူးမတ်တွေထဲမှာ ဒါဘိုင်မြို့စားကြီးလည်းပါတယ်။ သူ့မှာ “လာသွန်စံအိမ်”လို့ အမည်ပေးထားတဲ့ အင်မတန် ခံ့ညားထည်ဝါလှတဲ့ ရဲတိုက်ကြီးရှိတယ်။ တစ်နေ့ သူဟာ သူ့ရဲတိုက်ကြီးနဲ့ ခွဲခွာပြီး ချား(လ်စ်)ဘုရင်အတွက် စစ်တိုက်ထွက်

mgyoe.com

mgyoe.com

ခဲ့တယ်။ ဒီအချိန်မှာပဲ တခြားဘက်က စစ်သားတွေ သူ့ရဲတိုက်ဆီ ရောက်လာကြပြီး သားသမီးများ၊ အစောင့်တပ်သား အနည်းငယ်နဲ့ အတူ ရဲတိုက်မှာ ကျန်ရစ်ခဲ့တဲ့ မြို့စားကတော်ဆီ "ရဲတိုက်ကြီးထဲက ချက်ချင်းထွက်ပေးပါ" လို့ သတင်းပို့လိုက်တယ်။

မြို့စားကတော်ဟာ တကယ့်ကို သတ္တိကောင်းသူပဲ။ သူက ရဲတိုက်ကို ဘုရင့်ရန်သူတွေ လက်တွင်းတော့ မအပ်ဘူး။ မီးတိုက်ပစ်မယ်၊ မီးတောက်မီးလျှံထဲမှာ သားသမီးတွေနဲ့အတူ အသေခံသွားမယ်လို့ ရဲရဲဝံ့ဝံ့ ပြန်ကြားလိုက်တယ်။

အုတ်နံရံအပြင်ဘက်က ရန်သူစစ်သားတွေကတော့ ရဲတိုက်ကြီးကို အပိုင်စီးဖို့ ဆုံးဖြတ်ထားကြတယ်။ ဒါကြောင့် ရဲတိုက်ကြီးထဲဝင်နိုင်အောင် ရက်သတ္တပတ်ပေါင်း များစွာအပြင်းအထန် ကြိုးစားကြတယ်။ အုတ်နံရံအတွင်းက စစ်သားတွေကလည်း အမြဲတမ်းသတိရှိနေကြတယ်။ တစ်ချက်ကလေး ရှေ့တိုးမခံဘူး။ ပြန်လှန်ခုခံကြတယ်။

ဒီတော့ အုတ်နံရံအပြင်ဘက်က စစ်သားတွေရဲ့ ခေါင်းဆောင်က အုတ်နံရံတွေကို ဖြိုချဖို့ အင်မတန်သန်တဲ့ သေနတ်အသစ်ကြီးတစ်လက်ကို ယူလာခဲ့တယ်။ ဒီအခြင်းအရာကို လှမ်းမြင်လိုက်တဲ့ မြို့စားကတော်ဟာ ရဲတိုက်ကြီးတော့ သိပ်ကို အန္တရာယ်ကြီးနေပြီဆိုတာ သိလိုက်တယ်။ ဒါကြောင့် မှောင်မိုက်တဲ့တစ်ညမှာ သတ္တိကောင်းတဲ့ တပ်ဖွဲ့ကလေးတစ်ဖွဲ့ကို အုတ်နံရံအပြင်ဘက် လွှတ်လိုက်တယ်။ သူတို့က အင်မတန်ခဲ့ညားလှတဲ့ သေနတ်အသစ်ကြီးကို သိမ်းယူပြီး ရဲတိုက်တွင်း ပြန်ဝင်လာကြတယ်။

မကြာခင်မှာ ဘုရင့်တပ်မတော် ဗိုလ်ချုပ်တစ်ဦးဖြစ်တဲ့

mgyoe.com

mgyoe.com

ရှူပတ်မင်းသားဟာ မြို့စားကတော်ကို အကူအညီပေးဖို့ တပ်ဖွဲ့တစ်ဖွဲ့နဲ့ အတူရောက်လာခဲ့တယ်။ ဒီဗိုလ်ချုပ်က ရဲတိုက်ကို ဝိုင်းထားတဲ့ စစ်သားတွေကို နှင်ထုတ်ပြီး သူတို့အလံတွေ အားလုံးကို သိမ်းပိုက်လိုက်တယ်။ နောက်ပိုင်းမှာ ဒီအလံတွေကို သူက မြို့စားကတော်ဆီ လက်ဆောင်အဖြစ် ပို့ပေးလိုက်တယ်။ ဒီလို ပို့ပေးလိုက်ခြင်းဟာ (တစ်နည်းအားဖြင့်) သူမရဲ့ ရဲရင့်မှုကို များစွာ ချီးကျူးဂုဏ်ယူကြောင်းပြဖို့လည်း ဖြစ်တယ်။

❒

mgyoe.com

mgyoe.com

နှစ်သုံးထောင်က ဗလာစာအုပ်လာ ပုံပြင်တစ်ပုဒ်

ဟိုး... လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျောင်းသားလေး တစ်ယောက် အသုံးပြုခဲ့တဲ့ ဗလာစာအုပ်ကလေးတစ်အုပ်ကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်တယ်။ အရှားပါးဆုံး စာရင်းဝင်စာအုပ် ကလေးဖြစ်မှာ အမှန်ပဲ။ ဒီဗလာစာအုပ်ကလေးထဲမှာ လက်နဲ့ ရေးထားတာတွေ အားလုံးက ရှင်းရှင်းလင်းလင်းပဲ။ မာဂျင်မျဉ်း ဘေးက ဆရာ့လက်မှတ်ကိုတောင် ခပ်ဝါးဝါး မြင်နိုင်သေးတယ်။ ဒီဗလာစာအုပ်လေးထဲမှာ ပုံပြင်တစ်ပုဒ်လည်း တွေ့ရသေးတယ်။ ခြေနဲ့ လက်နှစ်ဖက်တို့က ဦးခေါင်းကို မကျေမနပ်ဖြစ်ပြီး တရားရုံး တော်မှာ စွဲချက်တင်တဲ့ ပုံပြင်ပဲ။

ရုံးတော်မှာ လက်နှစ်ဖက်က လုပ်စရာအလုပ် အားလုံးကို သူတို့ကပဲ လုပ်နေချိန်မှာ ဦးခေါင်းကတော့ လည်တိုင်ပေါ်မှာ အကျော့သားထိုင်နေတယ်လို့ ပြောကြတယ်။

ဒီတော့ ဦးခေါင်းက...

"ကျွန်ုပ်က အားလုံး အစီအစဉ်တကျ ဖြစ်နေရလေအောင်

mgyoe.com

mgyoe.com

စဉ်းစားစိတ်ကူးရတယ်၊ ကြည့်ရတယ်၊ နားထောင်နေရတယ်၊ ပြောရတယ်။ လက်နှစ်ဖက်ဟာ သန့်စွမ်းကြပါတယ်။ ဒီလို သန့်စွမ်းတာကိုလည်း သူတို့က ဂုဏ်ယူကြတယ်။ ဒါပေမဲ့ ကျွန်ုပ်က သူတို့ရဲ့ ဘုရင်မပဲ။ ကျွန်ုပ်ဟာ သူတို့ကို ပြစ်ဒဏ်ခတ်ရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်ဟာ..."

ဗလာစာအုပ်ထဲ ရေးထားတာကတော့ ဒီလောက်ပဲ။ ပုံပြင်လေးကို လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်လောက်ကလည်း ဒီမှာတင် အဆုံးသတ်ခဲ့တာဖြစ်လို့ ကျွန်တော်တို့လည်း ဒီမှာ တင်ပဲ ရပ်လိုက်ကြပါစို့။

Little Folk in Many Lands စာအုပ်ပါ

A Tale in A Copy-Book အိဂျစ်ပုံပြင်ကို ပြန်ဆိုပါတယ်။

□

mgyoe.com

mgyoe.com

မစစ်ရဘဲ ပေါ်

ဟိုး... ရှေးအခါက လူငယ်တစ်ယောက် ရှိခဲ့တယ်။ တစ်ချိန်မှာ သူ ခရီးရှည်ထွက်ဖို့ရှိတာနဲ့ သူပိုင်ငွေလေးတစ်ရာကို သူ့အသိအဘိုးအိုတစ်ယောက်ဆီမှာ အပ်နှံပြီး ထွက်လာခဲ့တယ်။ သူခရီးထွက်တာ နှစ်လကြာသွားတယ်။ ပြန်ရောက်လာတာနဲ့ သူဟာ အဘိုးအိုဆီသွားပြီး အပ်နှံခဲ့တဲ့ငွေကို တောင်းတာပေါ့။

ဒီတော့ အဘိုးအိုက...

"ဘာလဲကွ၊ တယ်... ဟုတ်တဲ့ကောင်ပါလား။ မင့်လုပ်ဇာတ်က အတော့်ကိုကောင်းတာပဲ။ မင်း ဘယ်တုန်းက ငါ့ကို ငွေအပ်ခဲ့ဖူးလို့လဲ။ မလိမ့်တစ်ပတ် လာမလုပ်နဲ့နော်"

လူငယ်ဟာ အဘိုးအိုနဲ့ အတော်ကြာအောင် အကြောက်အကန် ပြောဆိုပေမဲ့ အဘိုးအိုက "ဘူး" ပဲခံနေတယ်။ ဒါကြောင့် မတတ်သာတဲ့အဆုံး လူငယ်က တရားသူကြီးဆီသွားပြီး ရှင်းပြ

mgyoe.com

mgyoe.com

တယ်။ တရားသူကြီးက အဘိုးအိုကို သွားခေါ်ဖို့ ရုံးလုလင်လေးကို လွှတ်လိုက်တယ်။

အဘိုးအိုရောက်လာတော့ လူငယ်က သူ့ကို ငွေတစ်ပြား တစ်ချပ်မှ မအပ်ပါဘူးလို့ပဲ ငြင်းတယ်။ ဒါတွင်မကဘူး "ဒီသူငယ်

mgyoe.com

mgyoe.com

က ကျုပ်ကို ငွေအပ်တယ်လို့သာ စွပ်စွဲနေတာ။ မျက်မြင်သက်သေလည်း ထုတ်ပြနိုင်တာ မဟုတ်ဘူး။ ထုတ်ပြနိုင်တယ်ဆိုရင် ကျုပ်ပေးဖို့ အဆင်သင့်ပဲ" လို့ ခပ်မာမာ အတွန့်တက်လိုက်သေးတယ်လေ။

ဒီအခါမှာ တရားသူကြီးက လူငယ်ဘက်လှည့်လိုက်ပြီး "မင်းက ဒီအဘိုးကို ဘယ်နေရာမှာ ငွေအပ်တာလဲ" လို့ မေးတယ်။

"သစ်ပင်ကြီးတစ်ပင်အောက်မှာ အပ်တာပါ"

"ကောင်းပြီ၊ ရုံးတော်မှာ သက်သေအဖြစ် လာအစစ်ခံဖို့ အဲဒီသစ်ပင်ကြီးကို မင်း သွားခေါ်လိုက်ပါ" လို့ တရားသူကြီးက လူငယ်ကို ပြောတယ်။

လူငယ် ကြောင်အမ်းအမ်း ဖြစ်သွားတာပေါ့။

"ဒီတရားရုံးတော်ကို အဲဒီသစ်ပင်ကြီး ဘယ်လိုလာလို့ ဖြစ်မှာလဲ ခင်ဗျာ။ သစ်ပင်ကြီးက လမ်းမှ မလျှောက်တတ်တာဘဲ"

"ကိစ္စမရှိပါဘူး၊ ငါက အမိန့်ပေးတယ်လို့သာ သစ်ပင်ကြီးကို ပြောလိုက်။ သစ်ပင်ကြီး မလိုက်ဘဲ မနေရဲဘူး။ မင်းသာ စိတ်အေးအေး သွားခေါ်"

တရားသူကြီးက အာဏာသံပါပါနဲ့ခိုင်းလေတော့ လူငယ်ဟာ သစ်ပင်ကြီးကိုခေါ်ဖို့ ထွက်သွားရတော့တာပေါ့။ လူငယ်ထွက်သွားလို့ ခဏကြာတော့ တရားသူကြီးက အဘိုးအိုဘက်လှည့်ပြီး "ဟို... သူငယ် ခုလောက်ဆို အဲဒီသစ်ပင်ကြီးဆီ ရောက်လောက်ပြီလား" လို့ အမှတ်မထင် မေးလိုက်တယ်။

ဒီတော့ အဘိုးအိုက...

"ဟာ... ကြဲကြီးစည်ရာ၊ ဘယ်ရောက်နိုင်ဦးမှာလဲ။ အဲဒီ

mgyoe.com

mgyoe.com

သစ်ပင်ကြီးက ဒီကနေ သုံးမိုင်လောက်ဝေးတာ" လို့ လွှတ်ခနဲ ဖြေမိလိုက်တယ်။

အဘိုးအိုအဖြေကို ကြားလိုက်တာနဲ့ တရားသူကြီးက တစ်ချက်ပြုံးလိုက်ပြီး အိုး... ဟိုး... ဟိုး...၊ ရပြီ... ရပြီ... ဒါဆိုရင် လုံလောက်သွားပြီ။ ငွေကို လက်ခံတယ်ဆိုတာ ခင်ဗျား အခုဝန်ခံလိုက်ပြီ" လို့ အဘိုးအိုကို ကြည့်ပြောလိုက်တယ်။

အဘိုးအိုဟာ ကိုယ့်အထုပ်ကိုယ် ဖြေပြသလို ဖြစ်သွားရပြီ မို့ ဝန်မခံရင် မဖြစ်တော့တဲ့အခြေ ဆိုက်သွားပြီလေ။ ရှက်ရှက်နဲ့ ဝန်ခံလိုက်ရတာပဲပေါ့။ ဝန်ခံပြီးတာနဲ့ ငွေတစ်ရာကို ထုတ်ပေး တယ်။

ဒီအချိန်မှာပဲ လူငယ် ပြန်ရောက်လာတယ်။

"သစ်ပင်ကြီး လိုက်မလာနိုင်ပါဘူး တရားသူကြီးခင်ဗျား"

"အေး... မင်းထွက်သွားတော့ သက်သေခံဖို့ဆိုပြီး သစ်ပင် ကြီး ဒီကိုရောက်လာတယ်ကွ။ ဟောဒီမှာ မင်း အပ်နှံခဲ့တယ်ဆို တဲ့ ငွေတစ်ရာ။ ကဲ... ကဲ... ယူသွားပေတော့"

"မှသား"ဆိုတာ တစ်ချိန်မဟုတ် တစ်ချိန်မှာ ပေါ်လာ တတ်တာပါပဲ။

ဝန်ခံချက်

Active English Reader III ပါ

The Witness Tree ပုံပြင်ကို ပြန်ဆိုပါတယ်။

❑

mgyoe.com

mgyoe.com

မော်ဝင် ငွေဖိနပ်ကလေးတစ်ရံ

ဟိုး... ရှေးတစ်ချိန်ကုန်းက ဘုရင်ကြီးနှင့် ဘုရင်မကြီး ရှိခဲ့ကြတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး သိပ်ကိုချစ်ခင် မြတ်နိုးကြတယ်။ ရွှေလက်အတူကိုင်ပြီး ပျော်ပျော်ကြီး နေထိုင်လာခဲ့ကြတာပေါ့။ ဟော... မကြာခင် သားတော်လေး မွေးဖွားလာတော့ ပိုလို့တောင် ပျော်ကြသေး။

သားတော်လေးရတော့ သမီးတော်ကလေးကိုပါ လိုချင်လာပြန်တယ်။ ဒါပေမဲ့ ဒုတိယကလေး မွေးလာတော့လည်း ယောကျ်ားကလေးပဲ။ ဘုရင်မကြီးကတော့ အားမလျှော့ရှာဘူး။ "သမီးလေးကို စောင့်မျှော်နေကြတဲ့ ညီအစ်ကိုနှစ်ယောက်တော့ ရှိနေပြီနော်" လို့တောင် စိတ်ကူးယဉ်ယဉ် ပြောလိုက်သေးရဲ့။

ဒါပေမဲ့... တတိယကလေးဟာလည်း ယောကျ်ားလေးပဲ ဖြစ်နေပြန်တယ်။ အင်း... ဒီတစ်ချိန် နည်းနည်းတော့ စိတ်

mgyoe.com

mgyoe.com



မကောင်းသလို ဖြစ်သွားကြတာပေါ့။ မတတ်နိုင်ဘူးလေ၊ စတုတ္ထ ကလေးကတော့ မိန်းကလေး ဖြစ်တန်ကောင်းပါရဲ့။ ဟာ... မဖြစ် ပြန်ဘူးဆိုကိုး။ ယောကျ်ားလေးပဲတဲ့။ နောက်တစ်ယောက် မွေးသေး

mgyoe.com

mgyoe.com

တယ်။ နောက်ပြီး... နောက်တစ်ယောက်၊ ဆက်တိုက် ငါးယောက် ဆက်မွေးတယ်။ အားလုံး ယောကျ်ားလေးတွေချည်းပဲ။

၁၂ ယောက်မြောက်သားကို မွေးလိုက်ချိန်မှာတော့ ဘုရင်ရော၊ ဘုရင်မရော တကယ့်ကို စိတ်မကောင်းနိုင်ကြတော့ဘူး။ သူတို့ဟာ သားတွေအားလုံးကို ချစ်တာပါပဲ။ သားတွေကလည်း အားလုံး ထွားထွားကျိုင်းကျိုင်း၊ သန်သန်မာမာတွေ၊ သဘောထားကောင်းသူတွေချည်းပါပဲ။ ဒါပေမဲ့ သမီးရူးတဲ့စိတ်တော့ မကုန်ကြသေးပါဘူး။ မကုန်တဲ့အလျောက်ပဲ ၁၃ ယောက်မြောက်ကျမှ မိန်းကလေး မွေးလာတော့တယ်။

ဘုရင်နဲ့ ဘုရင်မ ဘယ်လောက်ပျော်ကြမလဲ။ စာဖွဲ့ပြလို့တောင် ရနိုင်မယ်မထင်ဘူး။ ဘုရင်မက သားတော် ၁၂ ပါးကို ခေါ်ပြီး အင်မတန်လှတဲ့ သူတို့ညီမငယ်လေးကို ပြတယ်။ ဘုရင်ကလည်း သမီးရတဲ့ အထိမ်းအမှတ်အဖြစ်နဲ့ စားပွဲကြီးတွေ တည်ခင်းကျွေးမွေး။ အယုတ်အလတ် အမြတ်မရွေးဘူး။ ရောက်လာသူတိုင်းကို အဝအတင်းကျွေးတယ်။ စားပွဲကြီး ကျင်းပနေစဉ်မှာ သမီးတော်လေးကို အားလုံးမြင်တွေ့နိုင်ဖို့ သယ်ယူလာခဲ့တယ်။

သမီးလေးကို ခံ့ခံ့ထည်ထည် သီးသန့်နေရာမှာ ချထားလိုက်တာနဲ့ နန်းတော်အဝင်တံခါးကြီး ပွင့်သွားပါရော။ ဩော်... နတ်သမီးတွေပဲ။ အံ့ဩစိတ်နဲ့ ရှိသမျှလူတွေ နှုတ်ဆိတ်သွားကြလေရဲ့။ နတ်သမီးတွေက ဘုရင့်သမီးတော်ကလေးကို လက်ဆောင်ပေးဖို့ လာကြတာကို အားလုံးက သိနေကြတယ်။

ပထမ နတ်သမီးက...

"ကျွန်ုပ်က ဤဆုကို သမီးတော်ကလေးအား ပေးအံ့။

mgyoe.com

သမီးတော်လေး ဘဝတစ်လျှောက်လုံး အဖျားအနာကင်းစေသတည်း”

ဒုတိယ နတ်သမီးက...

“ကျွန်ုပ်က သမီးတော်ကလေးအား “အလှ” ဆုကိုပေးအံ့။ သမီးတော်လေး ဘဝတစ်လျှောက်လုံး လှမြဲလှနေစေသတည်း”

တတိယ နတ်သမီးက...

“ကျွန်ုပ်က သမီးတော်ကလေးအား “ကောင်းမြတ်မှု” ကို ပေးအံ့။ သမီးတော်လေး ဘဝတစ်လျှောက်လုံးမှာ မကောင်းမှု မှန်သမျှ ကင်းပါစေသတည်း”

နတ်သမီးအသီးသီးက ဆုတောင်းပတ္ထနာပြုဆုတွေ ပေးပြီး သွားတာနဲ့ ကြီးမားတဲ့ အလင်းရောင် ပေါ်ထွက်လာတယ်။ အလင်းရောင်ပေါ်လာတာနဲ့တစ်ပြိုင်နက် နတ်သမီးတွေ ကွယ်ပျောက်သွားပါတယ်။

ခုမှပဲ လူတိုင်း စကားပြောနိုင်ကြတယ်လေ။ ဒါပေမဲ့ နန်းတော်ဂိတ် တံခါးကြီး ရုတ်တရက် ပွင့်သွားပြန်တယ်။ ဟော... ဒီတစ်ကြိမ် ဝင်လာသူကတော့ တစ်ကိုယ်လုံး အနက်ရောင်ဆင်ထားတဲ့ အဘွားအိုလေးတစ်ယောက်ပဲ။

သူက ခန်းမကြီးကို ပြေးပြီး ဖြတ်လာရင်း...

“နေဦး... နေဦး...၊ တို့ကိစ္စ မပြီးသေးဘူး” တဲ့။

လူတိုင်း နှုတ်ပိတ်သွားကြပြန်ရော။ အဘွားအိုလေးက သူ့အိတ်ကပ်ထဲကနေ ငွေဖိနပ်ကလေးနှစ်ဖက်ကို ထုတ်ယူလိုက်ပြီး မင်းသမီးလေးရဲ့ခြေထောက်မှာ စွပ်ပေးလိုက်တယ်။

“ဟောဒါ... မှော်နဲ့စီရင်ထားတဲ့ ဖိနပ်ကလေးတွေဖြစ်

mgyoe.com

mgyoe.com

တယ်။ ဒီဖိနပ်ကလေးတွေကြောင့် မင်းသမီးလေးဟာ လူတွေရဲ့ နှလုံးသားထဲအရောက် လျှောက်လှမ်းသွားနိုင်လိမ့်မယ်။ ဟား… ဟား… ဟား… ဟား"

ရယ်သံနဲ့အတူ အဘွားအိုလည်း ရုတ်တရက်ပဲ ပျောက်ကွယ်သွားတော့တယ်။ ဒါပေမဲ့… သူ့ရယ်သံကို အချိန်အတော်ကြာအောင် ကြားနေကြရတယ်။

ရယ်သံတိတ်သွားတော့ လူတွေက…

"လူတွေရဲ့ နှလုံးသားထဲ အရောက်လျှောက်လှမ်းသွားနိုင်လိမ့်မယ် ဆိုပါလား။ ဘာအဓိပ္ပာယ်တဲ့လဲ"

ဘုရင်ကလည်း ပညာရှိကြီးတစ်ဦးကို…

"ပညာရှိကြီး၊ သင် လူတွေရဲ့ နှလုံးသားထဲ အရောက် လျှောက်သွားနိုင်မလား" လို့ မေးကြည့်လိုက်တယ်။

ပညာရှိကြီးဟာ အယောင်ယောင် အမှားမှားနဲ့ သူ့ခြေထောက်ကြီးကို ငုံ့ကြည့်မိလိုက်တာပေါ့။

"ဟာ… အရှင်မင်းကြီး၊ ကျွန်ုပ် မလျှောက်ချင်ပါဘူး"

"ဒီလိုဆိုရင် အဘွားအိုလေး ပြောသွားတာ ဘာအဓိပ္ပာယ်လဲ"

"မလျှောက်တတ်ပါ အရှင်မင်းကြီး"

ဘုရင်ကြီးက နောက်ပညာရှိတစ်ဦးကို မေးပြန်တယ်။

"ဘာအဓိပ္ပာယ်လဲ ပညာရှိကြီးရဲ့"

"မလျှောက်တတ်ပါ အရှင်မင်းကြီး"

ဒုတိယပညာရှိက တတိယပညာရှိကို မေးကြည့်ပြန်တော့လည်း မထူးပါဘူး။ သူလည်း မသိဘူးတဲ့။

mgyoe.com

mgyoe.com

ဒီတော့ ဘုရင်က ပညာရှိတွေကို နှင်ထုတ်ပြီး "သွားစဉ်းစားကြ၊ ညမရောက်ခင် အဓိပ္ပာယ်ကိုဖော်နိုင်အောင် လုပ်ကြ" လို့ အမိန့်ပေးလိုက်တယ်။

အားလုံးလောက်လည်း နှင်ထုတ်ခံရတော့ ပညာရှိတွေ သိပ်မကျေနပ်ကြဘူး။ ဒါပေမဲ့ ဘုရင့်အမိန့်တော် မဟုတ်လား။ မနာခံလို့ မရဘူးလေ။

ပညာရှိတွေ အခန်းတစ်ခုထဲဝင်၊ အဓိပ္ပာယ်သိရလို သိရငြားနဲ့ စာအုပ်တွေလှန်၊ ရှာမတွေ့တော့ သူ့အထင်၊ ကိုယ့်အမြင်ပြော၊ စကားတွေများကြ။ ဘယ်ကလောက် အားစိုက်ထုတ် ငြင်းကြခဲ့ကြမလဲ။ သူတို့ မုတ်ဆိတ်မွေးကြီးတွေကို ကြည့်လိုက်ပါလား။ မြင့်သွားလိုက်၊ နိမ့်သွားလိုက်၊ ဘယ်ဘက်ယိုင်သွားလိုက်၊ ညာဘက်ယိုင်သွားလိုက်၊ ပညာရှိ နှစ်ယောက်ဆိုရင် မျက်နှာချင်းဆိုင်ကပ်ပြီး ပြောကြဆိုကြရင်း သူတို့မုတ်ဆိတ် မွေးချင်းငြိပြီး လိန်ကျစ်သွားကြရော။ ကျန်ပညာရှိတွေက ငြိလိန်သွားတဲ့ မုတ်ဆိတ်မွေးတွေကို အတော်ကြာအောင် ဖြေပေးလိုက်မှပဲ ကွဲသွားတော့တယ်။

လိန်ကျစ်သွားတဲ့ မုတ်ဆိတ်မွေးတွေကို ရှင်းပေးလို့ အပြီးမှာ ဟား... ဟား... ဟား... ဟား... ဆိုတဲ့ ရယ်သံပေါ်လာတယ်။ ဩော်... အဘွားအိုကလေးပါလား။

ဒီတော့... ပညာရှိတွေက အဘွားအိုလေးနား ချဉ်းကပ်ပြီး အဓိပ္ပာယ်ကို မေးကြတာပေါ့။

"အဓိပ္ပာယ်က "လူတိုင်းက သူ့ကိုချစ်အောင် မင်းသမီးကလေးဟာ ပြုလုပ်နိုင်စွမ်းရှိလိမ့်မယ်" ဆိုတာပဲ"

"လူတိုင်း ဟုတ်ရဲ့လား"

mgyoe.com

mgyoe.com

"ဟုတ်တယ်၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ ယောကျ်ားလေးတွေ၊ မိန်းမလေးတွေ၊ ခွေးတွေ၊ ကြောင်တွေ"

အဓိပ္ပာယ်ကို ရှင်းပြလို့အပြီးမှာ တဟားဟားရယ်သံနဲ့ အတူ အဘွားအိုလေး ကွယ်ပျောက်သွားပါတယ်။

ပညာရှိတွေ အချင်းချင်း ကြည့်လိုက်ကြတယ်။ အသက်အကြီးဆုံး ပညာရှိက...

"ကဲ... တို့ဘုရင်ကြီးဆီဝင်ပြီး အဓိပ္ပာယ်ကိုပြောလို့ ရပြီ"

"နေဦး၊ အဘွားအိုလေးက ပြောပြတယ်လို့ ဘုရင်ကြီးကို လျှောက်တင်ကြဦးမှာလား"

"မလိုဘူး၊ အမျိုးသမီးတစ်ယောက်က ကျုပ်တို့ထက် ပိုသိတဲ့အကြောင်း ထုတ်မပြောရဘူး။ ထုတ်ပြောလိုက်ရင် ကျုပ်တို့ ပညာရှိတယ်ဆိုတာကို ဘယ်သူမှ ယုံကြည်ကြတော့မှာ မဟုတ်ဘူး"

အဲဒီလို အချင်းချင်းညှိပြီး ဘုရင့်ထံမှောက် ဝင်ကြတယ်။

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့စာအုပ်တွေ အားလုံးကို မွှေနှောက်ပြီးကြပါပြီ။ ဒီကိစ္စကို ကောင်းကောင်း စဉ်းစားပြီးကြပါပြီ။ အဓိပ္ပာယ်က ဒီလိုပါ။ "မင်းသမီးကလေးဟာ လူတိုင်းက သူ့ကို ချစ်အောင် စွမ်းဆောင်နိုင်လိမ့်မယ်" ဆိုပါပဲ အရှင်မင်းကြီး"

"လူတိုင်းတဲ့လား"

"မှန်ပါ... လူတိုင်း ဖြစ်ပါတယ်။ ယောကျ်ားတွေ၊ မိန်းမတွေ၊ ယောကျ်ားလေးတွေ၊ မိန်းကလေးတွေ၊ ခွေးတွေ၊ ကြောင်တွေ"

ဘုရင်ကြီး သိပ်ကျေနပ်သွားတာပေါ့။ ဒါကြောင့် စားစရာတွေ ကို ပြန်စားကြဖို့ ပြောလိုက်တယ်။ ဒီအချိန်မှာ စားစရာတွေ

mgyoe.com

mgyoe.com

က အေးစက်နေပြီ။ ဒါကြောင့် စားဖိုမှူးက စားစရာအသစ်တွေ ယူလာပေးရတယ်။

ကဲ... ခုတော့ မင်းသမီးကလေးကို သူ့မိခင် ဘုရင်မဆီ ပြန်ခေါ်သွားကြပါပြီ။ နောက်ပိုင်းရက်တွေမှာတော့ အခြေအနေတွေက ဟိုစဉ်တုန်းကအတိုင်းပဲ ဘာမှ မပြောင်းလဲပါဘူး။

ဒီလိုနဲ့ နှစ်တွေ ပြောင်းခဲ့ပြီ။ ဘုရင်မကြီး ကွယ်လွန်သွားရှာပြီ။

နတ်သမီးတွေပေးတဲ့ဆုအတိုင်း မင်းသမီးကလေး အရွယ်ရောက်လာပါတယ်။ မင်းသမီးကလေးဟာ သန်မာတောင့်တင်းလှတယ်၊ သဘောထားကောင်းတယ်၊ မှော်ဖိနပ်ကလေးတွေဟာလည်း မင်းသမီးကလေးအရွယ်နဲ့အညီလိုက်ပြီး ကြီးကြီးလာကြတယ်။

အဘွားအိုလေးရဲ့ စကားတွေကလည်း မှန်လာပြီ။ မင်းသမီးကလေးဟာ လူတိုင်းရဲ့ နှလုံးသားထဲ အရောက်လျှောက်လှမ်းသွားနေနိုင်ပါပြီ။ လူတိုင်းက သူ့ကို ချစ်ကြတယ်လေ။

မင်းသမီးကလေး အသက် ၁၅ နှစ်အရမှာ တိုင်းတစ်ပါးက မင်းသားလေးတစ်ယောက်က မင်းသမီးလေးရဲ့သတင်းကို ကြားသွားတယ်။

ဒါ့ကြောင့် ဒီမင်းသမီးကလေးကို လက်ထပ်လိုစိတ်နဲ့ မြင်းဖြူကြီးစီးပြီး ခရီးနှင်ထွက်လာခဲ့တယ်။ ရက်ပေါင်းများစွာကြာမှ မင်းသမီးကလေး နေထိုင်ရာ တိုင်းပြည်ကို ရောက်လာနိုင်ပါတယ်။

အချိန်က နှောင်းနေပြီ။ တောကြီးတစ်ခုကို ဖြတ်ကျော်ရတာမို့ မြင်းကြီးကလည်း မောနေပြီ။ အင်း... တစ်ညတာ ဘယ်မှာ

mgyoe.com

mgyoe.com

နားရပေါ့မယ်။ ဟော... သစ်ပင်တွေကြားမှာ မီးရောင်ကလေး လက်လက်... လက်လက်တော့ မြင်ရဲ့။ အဲ... အဲဒီကိုပဲ သွားရတော့ မှာပဲ။

"အိမ်ထဲမှာ တစ်ယောက်ယောက် ရှိပါသလား ခင်ဗျာ"

"ဝင်ခဲ့လေ"

အိမ်ထဲဝင်သွားတော့ တစ်ကိုယ်လုံး အနက်ရောင် ဆင်မြန်းထားတဲ့ အဘွားအိုလေးကို တွေ့လိုက်ရတာပေါ့။

"ဒီမှာ တစ်ညလောက် တည်းခိုခွင့်ပြုပါ ခင်ဗျာ"

"တည်းနိုင်ပါတယ်... တည်းနိုင်ပါတယ်။ မြင်းကို အိမ် နောက်က တဲထဲမှာ သွားထားလိုက်ပါ။ ပြီးမှ ပြန်လာခဲ့ပေါ့"

မြင်းကို တဲထဲမှာထားခဲ့ပြီး အိမ်ထဲပြန်အဝင်မှာ အဘွား အိုလေးက စားစရာအချို့ကို ချက်ပြုတ်နေပြီ။ အင်း... ဟင်းနံ့ ကဖြင့် မွှေးကြိုင်နေတာပဲ။ မကြာခင် သူတို့ အတူစားကြ သောက် ကြတယ်။

စားသောက်လို့ ပြီးသွားတဲ့အခါ အဘွားအိုလေးက...

"မင်းက မင်းသမီးကလေးကို လက်ထပ်ချင်နေတယ် နော်" လို့ စကားစတယ်။

မင်းသားလေးက အံ့ဩလွန်းလို့ ထတောင်ခုန်မိလိုက် တယ်။

"အဘွားလေး ဘယ်လိုလုပ် သိနေတာလဲ။ အဘွားလေး ဟာ နတ်သမီးပဲ ဖြစ်ရမယ်"

"ဟုတ်တယ်လေ... အဘွားလေးက နတ်သမီးပဲ။ ကဲ... ပြောပြစမ်းပါဦး၊ ကူညီနိုင်လည်း ကူညီရသေးတာပေါ့"

mgyoe.com

mgyoe.com

မင်းသားလေးက ဇာတ်စုံခင်းပြတယ်။ အဘွားလေးက ကောင်းကောင်း နားထောင်ပြီး...

"လူလေး... မင်းသမီးကလေးရဲ့ အချစ်ကိုရဖို့ အင်မတန်ကို မလွယ်ကူတာပဲကွယ်" လို့ ခပ်လေးလေး ပြောပြလိုက်တယ်။

"ဒါပေမဲ့... သူ့အချစ်ကို ရအောင် ကျွန်တော် ယူမှာပဲ"

"သိပ်လည်း အပြောမကြီးနဲ့လေ၊ ဘာကြောင့်မို့ မလွယ်ကူတာလဲဆိုတာကိုရော မင်း သိလို့လား"

"မသိပါဘူး အဘွားလေး၊ အဘွားလေး ပြောပြပါလား"

"အေး... ပြောပြမယ်၊ ပြောပြမယ်ဆိုရင် အစကနေ စပြောရမှာကွဲ့။ ဒီလို... ဒီလို၊ မင်းသမီးကလေး မွေးလာတော့ ငါက မှော်ဖိနပ်လေးတစ်ရံ လက်ဆောင်သွားပေးတယ်။အဲဒီ မှော်ဖိနပ်ကလေးကြောင့် မင်းသမီးလေးဟာ လူတိုင်းရဲ့ နှလုံးသားထဲ အရောက်လျှောက်လှမ်းသွားနိုင်တယ်ကွဲ့"

မင်းသားလေးက သဘောကျသွားပြီး ရယ်လိုက်တယ်။ အဘွားအိုလေးရဲ့ စကားအဓိပ္ပာယ်ကိုလည်း သူ သိလိုက်တာကိုး။ အဘွားအိုလေးက ဆက်ပြောပြန်တယ်။

"အေး... ဒါကြောင့် လူတိုင်းက မင်းသမီးလေးကို ချစ်ကြတယ်"

"လူတိုင်း"

"ဟုတ်တယ်၊ လူတိုင်းပဲ"

"ဟုတ်ကဲ့... ကျွန်တော် သဘောပေါက်ပါပြီ အဘွားလေး"

"မင်း သဘောပေါက်တယ်ပေါ့၊ ငါတော့ မထင်ပါဘူး။ လူတိုင်းက သူ့ကိုချစ်တယ်။ ဒါပေမဲ့ သူက လူတိုင်းကို မချစ်ဘူး

mgyoe.com

mgyoe.com

လေ။ အခုလည်း မင်းက သူ့ကိုချစ်တယ်။ မင်း သူ့ကို မမြင်သေးဖူးဘူး။ ဒီတော့ သူက မင်းကို ချစ်မှာမဟုတ်ဘူး။ ဒါ... မှော်အတတ်နဲ့ဆိုင်တဲ့ အပိုင်းတစ်ပိုင်းပဲ"

"ဒီလိုဆို ကျွန်တော် ဘာလုပ်ရမလဲ အဘွားလေး"

"အရင်ဆုံး လုပ်ရမှာက မှော်ဖိနပ်နှစ်ဖက်စလုံးကို မင်း ငါ့ဆီ ယူလာခဲ့။ ယူလာခဲ့ပြီးမှ နောက်တစ်ဆင့် ဘာလုပ်ရမယ်ဆိုတာကို ငါ ပြောပြမယ်"

"ဖိနပ်ကို ဘယ်လို ယူရမှာလဲ"

"မနက်ကျရင် ငါ မင်းကို အပြာရောင် ပန်းပွင့်ကလေး ပေးမယ်။ အဲဒါလည်း မှော်ပန်းပွင့်လေးပဲ။ အဲဒီမှော်ပန်းပွင့်နဲ့ မင်း လူတိုင်းကို အိပ်မွေ့ချနိုင်တယ်။ မင်းဘုရင့်နန်းတော် အရောက်သွား။ အစောင့်စစ်သားက မင်းကို တားလားဆီးလား လုပ်ရင် အပြာရောင် ပန်းပွင့်ကလေးနဲ့ သူ့ကို တို့လိုက်၊ သူ အိပ်မောကျသွားလိမ့်မယ်။ နောက်တော့ မင်းသမီးကလေးကို တွေ့အောင်ရှာ။ အိပ်မွေ့ချပြီး ဖိနပ်ကလေးတွေကို ယူလာခဲ့တော့"

နောက်နေ့မနက်မှာ အဘွားအိုလေးက အိမ်ကထွက်ပြီး သစ်တောထဲမှာပေါက်နေတဲ့ အပြာရောင်ပန်းပွင့်ကလေးကို သွားရှာတယ်။ မင်းသားက ကျေးဇူးတင်ခြင်းကြီးစွာနဲ့ ပန်းပွင့်ကလေးကိုယူပြီး မြင်းစီးထွက်သွားတော့တယ်။

ပြောတဲ့အတိုင်းပါပဲ။ အစောင့်စစ်သားက ဆီးတားပါရော။

"ဘယ်သူလဲဟေ့"

မင်းသားလေးက သူ့ကို ပန်းပွင့်နဲ့တို့လိုက်တာပေါ့။ သူ ချက်ချင်း အိပ်မောကျသွားရော။ ဒီတော့မှ မင်းသားလေးက

mgyoe.com

mgyoe.com

နန်းတော်ဥယျာဉ်ထဲအရောက် မြင်းကိုဆက်စီးသွားပြီး မြင်းကို သစ်ပင်တွေကြားမှာ ဝှက်ထားလိုက်တယ်။ ပြီးမှ ခြေကျင် ဆက် လျှောက်သွားတယ်။

ဆက်လျှောက်သွားနေချိန်မှာ တစ်နေရာရောက်တော့ ရယ်သံတွေ၊ စကားပြောသံတွေကို မင်းသားလေး ကြားလိုက်တယ်။ ဒါနဲ့ သစ်ပင်ပေါ်အမြန်တက်ပြီး ပုန်းရတာပေါ့။ သစ်ပင်ပေါ်ကနေ ချောင်းကြည့်လိုက်တော့ မင်းသမီးလေးနဲ့ ရံရွေတော်တွေကို လှမ်းမြင်ရတယ်။ အင်း... ကြားရတဲ့ သတင်းထက်တောင် ပိုလှနေ ပါလား။ မြင်မြင်ချင်းမှာပဲ အချစ်ကြီး ချစ်လိုက်မိတယ်။

အမှန်တော့ မင်းသမီးလေးနဲ့ ရံရွေတော်တွေက တူတူ ပုန်းတမ်းကစားနေကြတာပါ။ မကြာခင် မင်းသမီးလေး ပုန်းရဖို့ အလှည့်ရောက်လာတယ်။ ဒါကြောင့် မင်းသမီးလေးက ပန်းချုံကြီး ကြားထဲ ဝင်ပုန်းတယ်။ အင်း... ဒါအခွင့်ကောင်းပဲ။ မင်းသားလေး သစ်ပင်ထက်က ခပ်သွက်သွက်ဆင်း၊ မင်းသမီးလေး ပုန်းနေရာ အရောက် တိတ်တိတ်ကလေးသွား၊ ပန်းအပြာလေးနဲ့ မင်းသမီးလေး ကိုပေါက်။ ကဲ... မင်းသမီးလေး အိပ်မောကျသွားပြီ။ ဒီတော့မှ ဖိနပ် ကိုချွတ်ယူပြီး သူ့အိတ်ထဲထည့်၊ မြင်းဝှက်ထားတဲ့နေရာကို သွား၊ ရောက်တာနဲ့ မြင်းကို ဒုန်းစိုင်းပြီး အဘွားအိုလေးအိမ်ကို ပြန်လာခဲ့ တယ်။ အဘွားအိုလေးက ဆီးကြိုရင်း မင်းသားလေးကို သတိပေး တယ်။

"ဖိနပ်ကို မင်း သွားမစီးလိုက်နဲ့နော်။ အမျိုးသမီးလေးတွေ အားလုံးက မင်းကို ဝိုင်းကြိုက်သွားလိမ့်မယ်"

"စိတ်ချပါ အဘွားလေး၊ ကျွန်တော် မစီးပါဘူး"

mgyoe.com

mgyoe.com

"ကဲ... ဖိနပ်တစ်ဖက်ကို မင်းအိတ်ထဲမှာထည့်ထား၊ ဒါမှ မှော်ပညာရဲ့အစွမ်းက တစ်ဦးတည်းအပေါ်မှာ သွားသက်ရောက်မှာကွဲ့။ ကျန်ဖိနပ်တစ်ဖက်ကို ငါ သိမ်းထားမယ်"

ကဲ... တူတူပုန်းတမ်း ကစားနေကြတဲ့ ရုံရွှေတော်လေးတွေ အခု ဘယ်လိုဖြစ်နေကြသလဲ။ မင်းသမီးကလေး ပျောက်သွားတော့ ထိတ်လန့်စိုးရိမ်သွားကြတာပေါ့။ လူစုခွဲ ရှာကြတာပေါ့။ ရှာလို့ အတော်ကြာမှ ပန်းရုံကြီးထဲမှာ အိပ်မောကျနေရှာတဲ့ မင်းသမီးလေးကို တွေ့သွားကြတယ်။

ရုံရွှေတော်လေးတွေက အိပ်မောကျနေတဲ့ မင်းသမီးလေးကို အသာအယာလှုပ်နှိုး။ ဟော... နိုးလာပြီ။ မင်းသမီးလေးက ကြောင်စီစီ ထထိုင်တယ်။

"ဒါထက် ငါ့ဖိနပ်ကလေးတွေ ဘယ်ရောက်သွားလဲ"

ဖိနပ်ကလေးတွေ ဘယ်ရောက်သွားလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ ဒါနဲ့ သူတို့ နန်းတော်ပြန်ပြီး မင်းသမီးလေးရဲ့ ငွေဖိနပ် ပျောက်သွားကြောင်း ဘုရင်ကြီးကို ပြောပြလိုက်ကြတယ်။ ဒီတော့ ဘုရင်ကြီး ဒေါသထွက်တော့တာပေါ့။ သားတော် ၁၂ ယောက်စလုံးကို ချက်ချင်းခေါ်၊ သားတော်တစ်ယောက်စီကို စစ်သားတွေ ထည့်ပေးလိုက်ပြီး နိုင်ငံအနှံ့ ဖိနပ်ရှာပုံတော် ဖွင့်ခိုင်းလိုက်တယ်။ ဒါပေမဲ့ ဘယ်တွေ့ပါ့မလဲ။

မင်းသမီးလေး မပျော်နိုင်ရှာတော့ဘူး။ ဖိနပ်ကလေးကို နှမြောစိတ်နဲ့ နေ့တိုင်းငို၊ နောက်ဆုံးမှာ ဘုရင်ကြီးက ပျောက်ဆုံးသွားတဲ့ ဖိနပ်ကို တွေ့အောင်ရှာနိုင်တဲ့မင်းသားကို သမီးတော်နဲ့ ထိမ်းမြားလက်ထပ်ပေးမယ်လို့ ကြေညာလိုက်ရတော့တာပေါ့။

mgyoe.com

mgyoe.com

ကြေညာသာ ကြေညာလိုက်ရတာ သိပ်ရေရာတယ်လို့တော့ ဘုရင်ကြီးက မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ သမီးတော်က သူ စိတ်ကြိုက်တာကိုမှ လုပ်တတ်တာကိုး။ ဖိနပ်ရှာတွေ့တဲ့ မင်းသားကို သူက ကြိုက်ဦးမှကိုး။ ဒါပေမဲ့ ဘုရင်ကြီးက တကယ်လို့ ပျောက်သွားတဲ့ ဖိနပ်ကလေးကို ပြန်ရရင် သူ့သမီးတော် သိပ်ကိုပျော်သွားမယ်ဆိုတာကိုတော့ အသေအချာသိထားတယ်လေ။ ဒီအချက်တစ်ချက်ကို အားကိုးပြီး ဖိနပ်ရှာတွေ့တဲ့ ဘယ်မင်းသားကိုမဆို သမီးတော်က လက်ထပ်ချင်လိမ့်မယ်လို့ သူ့ဘက် ဆွဲတွေးပြန်တာပေါ့။

တစ်နေ့ အစေခံတွေက ဘုရင်ကြီးထံမှောက်ဝင်ပြီး နန်းတော်တံခါးဝမှာ သီချင်းသည်တစ်ယောက် ရောက်နေပါတယ်လို့ တင်လျှောက်ကြတယ်။

“ရှေ့တော်မှောက် ဝင်စေ။ အဲဒီသီချင်းသည်ဟာ ငါ့သမီးတော်လေးကို ပျော်အောင် ဖန်တီးပေးနိုင်မလား မသိဘူး”

ဒီလိုနဲ့ သီချင်းသည်ကို ဘုရင့်ရှေ့မှောက် ခေါ်ဆောင်သွားကြတယ်။ တကယ်က ဒီသီချင်းသည်ဟာ မင်းသားလေးပဲ။ သူ့မှာ ဖိနပ်တစ်ဖက်ရှိနေတယ် မဟုတ်လား။ သူ့အိတ်ကပ်ထဲမှာ ထည့်ထားတာလေ။ ဒါပေမဲ့ ဘယ်သူမှ ဒီအကြောင်းကို မသိကြပါဘူး။

မင်းသားလေးက စစ်သီချင်းတွေ ဆိုပြတယ်။ အချစ်သီချင်းတွေ ဆိုပြတယ်။ ရယ်စရာ အမူအရာတွေ လုပ်တယ်။ ဟော... မင်းသမီးတောင် စိတ်မထိန်းနိုင်တော့ဘူး ထင်ပါရဲ့။ တခစ်ခစ် ရယ်နေပြီ။

သမီးတော်လေး ရယ်နေတာကို မြင်ရတော့ ဘုရင်ကြီးက သိပ်ကို အားရကျေနပ်သွားပြီး...

mgyoe.com

mgyoe.com

"ဆက်ဆို... ဆက်ဆို" လို့ ခိုင်းတာပေါ့။ အစ်ကို ၁၂ ယောက်ကလည်း ကျေနပ်နေကြတာပဲ။

ဘုရင်ကြီးက...

"ဟော့... အဲဒီသူငယ်ကို ရွှေပြားတစ်ရာ ပေးလိုက်ကြ"

ဒီတော့ မင်းသားလေးက...

"အရှင်မင်းကြီး၊ ကျွန်တော် ရွှေပြားမလိုချင်ပါဘူး"

"ဘယ်လိုကွဲ့၊ ရွှေပြားမလိုချင်ဘူး။ သူများတွေများ လိုချင်လွန်းလို့ကွာ"

အစ်ကို ၁၂ ယောက်ကလည်း အံ့သြသလိုပုံမျိုးနဲ့...

"မင်းက ရွှေပြား မလိုချင်ဘူး၊ ဟုတ်ရဲ့လား"

"ကျွန်တော် မလိုချင်ပါဘူး"

ဒီတော့ ဘုရင်ကြီးက မင်းက ဘာကို လိုချင်တာလဲ" လို့ မေးယူရတော့တာပေါ့။

မင်းသားလေးက မင်းသမီးလေးကို လှမ်းကြည့်ပါတယ်။ မင်းသမီးလေးကလည်း မင်းသားလေးကို ပြန်ကြည့်နေတယ်။ ဒီတော့ "အင်း... မော့်ကတော့ အစွမ်းတွေ ပြနေပြီ" လို့ မင်းသားလေး တွေးမိလိုက်ပါတယ်။ ဒီအတွေးကြောင့် မင်းသားလေးဟာ ယုံကြည်မှုအပြည့် ရှိလာပါတယ်။ ဒါကြောင့်လည်း...

"ကမ္ဘာမှာ ကျွန်တော် လိုချင်တာတစ်ခုပဲ ရှိပါတယ်"

"ဘာများလဲကွာ ပြောစမ်း"

"မင်းသမီးကလေးနဲ့ လက်ထပ်ချင်ပါတယ်"

"ဟော... ဘာကွ"

ဘုရင်ကြီး ထောင်းခနဲ ဒေါသထွက်သွားတာပေါ့။ အစ်ကို

mgyoe.com

 mgyoe.com

၁၂ ယောက်ကလည်း ဆတ်ဆတ်ခါ နာသွားကြလို့။ "ဟော့ကောင်... ဘာပြောတယ်ကွ၊ မင်းလို အိမ်ပေါက်စေ့လိုက်ပြီး သီချင်းဆိုနေတဲ့ ကောင်ကများ ငါတို့ညီမ မင်းသမီးလေးနဲ့ လက်ထပ်ချင်ရတယ်လို့ ကွာ။ ဟော့... ဟော့... ဒီကောင်ကို ဆွဲထုတ်သွားကြစမ်း"

နောက်ဆုံး ဘုရင်ကြီးကပါ ဝင်ပြီး...

"ဟုတ်တယ်၊ ဆွဲထုတ်သွားကြစမ်း၊ သူ့ကို ခေါင်းဖြတ် သတ်လိုက်ကြစမ်း"

ဒီမှာတင် မင်းသမီးလေးက ရှိုက်ကြီးတငင်ငိုတော့တာပဲ။

အာ... ဒုက္ခပဲ၊ ဟော့... ဟော့... သူ့ခေါင်းကို မဖြတ်နဲ့"

မင်းသမီးလေး ချက်ချင်း အငိုတိတ်သွားတယ်။ ဘုရင်ကြီး ဘာလုပ်ရမှန်းမသိနိုင်တော့ဘူး။ ကြံရာမရတဲ့အဆုံး သူက သမီးတော်လေးကို...

"ကဲ... ဒီလူ့ကို ငါ ဘာလုပ်ရမလဲ၊ ပြောစမ်းပါဦး" လို့ မေးလိုက်ရတော့တာပေါ့။

ဒီတော့ သမီးတော်လေးက ခပ်အေးအေးပဲ...

"သမီးနဲ့ လက်ထပ်ခွင့်ပြုလိုက်ပါ"

"ဟေ"

"ဘယ်လို... ညီမလေး"

ဘုရင်ကြီးရော အစ်ကို ၁၂ ယောက်ရော မယုံနိုင်လောက် အောင် အံ့သြသွားကြရတယ်။

ဘုရင်ကြီးက ဒေါသကိုထိန်းချုပ်လိုက်ပြီး ထပ်ပြောပြန် တယ်။

"ဒီမှာ သမီး၊ သမီးက ဖိနပ်ကို ရှာတွေ့တဲ့ မင်းသားနဲ့

mgyoe.com

mgyoe.com

လက်ထပ်ရမှာလေ သမီးရဲ့။ မင်းသားတွေ အခုထိ လိုက်ရှာနေကြ တုန်းလေ"

"အို... အဲဒီဖိနပ်ဟောင်းကိုလည်း မလိုချင်တော့ဘူး။ သီချင်းသည်ကိုပဲ လက်ထပ်ချင်တယ်"

ဒီတော့ မင်းသားလေးက ဝင်ပြီး "ကျွန်တော် စကား တစ်ခွန်း ပြောပါရစေ" လို့ ခွင့်တောင်းပါတယ်။ သို့ပေမဲ့ ဘုရင် ကြီးရော၊ အစ်ကို ၁၂ ယောက်စလုံးကပါ ခွင့်မပြုကြဘူး။ မင်းသမီး လေးကတော့ လိုလိုလားလားပဲ "ပြောလေ၊ ပြောပါ" တဲ့။

ဒီတော့မှ မင်းသားလေးက တည်ငြိမ်တိုးညင်းစွာနဲ့...

"ကျွန်တော် ဖိနပ်ရှာခဲ့ပါ့မယ်" လို့ ပြောပြတယ်။

"မင်းက မင်းသားမှ မဟုတ်ဘဲ"

"မင်းသမီးလေးက မင်းသားကို အလိုမရှိပါဘူးဗျာ"

"အင်... အာ"

ဘုရင်ကြီးက သီချင်းသည်ဟာ ဖိနပ်ကို ရှာတွေ့နိုင်မယ်လို့ မထင်ဘူး။ သီချင်းသည်ဟာ မင်းသားအစစ်ဖြစ်တယ်ဆိုတာ ကိုလည်း မသိဘူး။

"ကောင်းပြီ... ဖိနပ်ကို သွားရှာပါ၊ ရှာလို့တွေ့ခဲ့မှ လုပ် သင့်လုပ်ထိုက်တာကို စဉ်းစားမယ်"

ဒီတော့ မင်းသားလေးက...

"ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ၊ မင်းသမီးလေးကို အရင် လက်ထပ်မယ်။ ပြီးမှ ကျွန်တော် ဖိနပ်ကို ပေးမယ်"

ဘုရင်ကြီး ဒေါသတစ်ခါထွက်ရပြန်ပြီပေါ့။ အစ်ကို ၁၂ ယောက်ကလည်း ရှုံ့ရှုံ့ရှားရှား ဖြစ်သွားကြတယ်။ တစ်ယောက်

mgyoe.com

mgyoe.com

တစ်ပေါက်နဲ့ ရုတ်တရက် ပွက်လောရိုက်သွားတာပေါ့။ ဘုရင်ကြီးက စိတ်ဆိုးဆိုးနဲ့ "ဒီကောင့်ခေါင်းကို ဖြတ်ပစ်ကြစမ်း" လို့ အော်ဟစ်အမိန့်ပေးတိုင်း မင်းသမီးလေး ထိန်းမနိုင် သိမ်းမရငိုတော့တာပဲ။ ဒါကြောင့် ဘုရင်ကြီးဟာ ခေါင်းဖြတ်တဲ့စကား မဟာရဲတော့ဘူး။ နောက်ဆုံးမှာ "ကဲ... တော်ကြစမ်း" လို့ အမိန့်ပေးလိုက်တယ်။

အားလုံး ငြိမ်ကျသွားတယ်။

"နက်ဖြန် လက်ထပ်ပေးမယ်။ လက်ထပ်ပြီးတာနဲ့ စားပွဲကြီး ကျင်းပမယ်။ ကဲ... သီချင်းသည်၊ စားပွဲကြီး မကျင်းပခင်မှာ သမီးကို သူ့ရဲ့ ငွေဖိနပ်ပေးအပ်ရမယ်။ မပေးအပ်နိုင်ရင် မင်းရဲ့ ခေါင်းကို ဖြတ်ရလိမ့်မယ်"

ဒီတစ်ခါတော့ ခေါင်းကို ဖြတ်ရလိမ့်မယ်လို့ပြောပေမဲ့ မင်းသမီးလေးက မငိုတော့ပါဘူး။ အင်း... ရယ်တောင် ရယ်လိုက်ပါသေးတယ်။ ရယ်ပြီးမှ မင်းသားလေးကိုကြည့်တယ်။ မင်းသားလေးကလည်း မင်းသမီးလေးရဲ့ မျက်လုံးအစုံကို စူးစိုက်ကြည့်ပြီး ရယ်လိုက်တယ်။

ဘုရင်ကြီးက ဖြတ်ပြီး "ဟော့... ဟော့... သီချင်းသည်၊ ငါပြောနေတာကို မင်း ကြားကောကြားရဲ့လား။ နက်ဖြန်မှ ဖိနပ်မရဘူးဆိုရင် မင်းခေါင်းနဲ့ကိုယ် အိုးစားကွဲပြီမှတ်" လို့ ထပ်သတိပေးပြီး ခန်းမထဲက ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားလေရဲ့။ အစ်ကို ၁၂ ယောက်ကလည်း ဘုရင်ကြီးနောက်တော်ပါးက လိုက်သွားကြတယ်။

နောက်ရက်မှာတော့ စားဖိုဆောင်မှာ စားဖိုမှူး ၅၀ က ချက်ကြပြုတ်ကြပြီ။ ဥယျာဉ်မှူး ၅၀ က ပန်းအလှတွေကို ယူလာ

mgyoe.com

mgyoe.com

ကြပြီ။ အစေခံ ၅၀ က မင်းသမီးလေးနဲ့ သူ့ရဲ့ရွှေတော်များကို ဝတ်စားဆင်ယင်ပေးနေကြပြီ။

လူတိုင်း ဝတ်ကောင်းစားလှတွေ ဆင်မြန်းထားကြတယ်။ အစ်ကို ၁၂ ယောက်ဟာလည်း အကောင်းဆုံး အဝတ်အစားတွေကို ဆင်မြန်းထားကြတယ်။ ဘုရင်ကြီးကို ကြည့်လိုက်ဦး။ အလေးဆုံး သရဖူကြီးကိုဆောင်းလို့။ ဒါပေမဲ့ မျက်နှာကတော့ သိပ်မကြည်ဘူးလေ။ အင်း... ဟို... အစ်ကိုတွေကလည်း ဒေါသထွက်နေကြပုံပဲ။

ကဲ... မင်းသားလေးနဲ့ မင်းသမီးလေး လက်ထပ်ကြပြီ။

လက်ထပ်အခမ်းအနားပြီးတာနဲ့ ခန်းမကြီးထဲ အားလုံးဝင်ကြတယ်။ ပထမဆုံး ဝင်သွားကြသူတွေကတော့ ဂုဏ်သရေရှိအမျိုးသမီးကြီးများနဲ့ အမျိုးသားကြီးများပေါ့။ နောက်မှ အစ်ကို ၁၂ ယောက် ဝင်ကြတယ်။ သူတို့နောက်မှာ ပုဆိန်ကြီးကို ထမ်းထားတဲ့ လူကြီးတစ်ယောက် လိုက်ပါသွားတယ်။ သူ့နောက်ကမှ ဘုရင်ကြီး။ နောက်ဆုံး ဝင်ကြသူတွေကတော့ မင်းသားလေးနဲ့ မင်းသမီးလေးပဲပေါ့။

ခန်းမထဲ အားလုံး ဝင်မိတဲ့အခါ ဘုရင်ကြီးက...

"ကဲ... သူ့ခေါင်းကို ဖြတ်တော့၊ ပြီးရင် သူ့ကိုယ်ကြီးကို သယ်ထုတ်သွားကြ။ ပြီးမှ စားပွဲကြီး စမယ်" လို့ ကြေညာလိုက်တယ်။

ဘုရင်ကြီး ခုလို အမိန့်ပေးလိုက်တာကလည်း သီချင်းသည်အနေနဲ့ ဖိနပ်ကို ရှာမတွေ့ဘူးလို့ အသေအချာ ထင်မှတ်ထားလို့ပဲ။ ဘုရင့်အမိန့်တော်အရ ခေါင်းဖြတ်သမားဟာ ပုဆိန်ကြီးကို

mgyoe.com

mgyoe.com

မြှောက်ထားရင်း ခန်းမကြီးကိုဖြတ်ပြီး မင်းသားလေးဆီ လျှောက်သွားနေပြီ။ ဒါပေမဲ့ ခေါင်းကို ဖြတ်တော့မယ်အလုပ်မှာ မင်းသားလေးက ရယ်ရယ်မောမောနဲ့ သူ့အိတ်ကပ်ထဲကနေ ငွေဖိနပ်ကလေးကို ထုတ်ယူလိုက်တယ်။

ခေါင်းဖြတ်သမား သိပ်အံ့ဩသွားတယ်။ သူ့မျက်နှာချက်ချင်း မည်းပုပ်သွားတယ်။ ကြက်သေ သေသွားတော့တယ်။ ဒါကြောင့် ခေါင်းဖြတ်သမားကို ဆွဲထုတ်ခေါ်သွားပြီး အကြောက်ပြေသွားအောင် ရေတိုက်ကြတယ်။

"ဟော့... ဟော့... ဖိနပ်က တစ်ဖက်တည်းပါလား။ ကျန်တစ်ဖက်က ဘယ်မှာလဲ"

"ဟောဒီမှာ... ဟောဒီမှာ"

စူးစူးရဲရဲ ပေါ်ထွက်လာတဲ့ အသံရှင်ဘက် အားလုံးလှည့်လိုက်ကြတယ်။ ဩော်...ဖိနပ်တစ်ဖက်နဲ့ အဘွားအိုလေးပါလား။

"ခန်းမကြီးတံခါးကို ဖွင့်လိုက်ကြစမ်း၊ မင်းတို့ မမြင်ဖူးတာကို မြင်ကြရမယ်။ ဟား... ဟား... ဟား... ဟား"

တံခါးကြီးကို ဖွင့်လိုက်တယ်။

အလို... ရွှေအတိပြီးတဲ့ ရထားလုံးကြီးပါလား။ ရထားလုံးကြီးထဲမှာ မင်းသားလေးရဲ့ ဖခမည်းတော်နဲ့ မယ်တော်ကြီး။

ဘုရင်ကြီးက ပျာပျာသလဲ ဖိတ်မန္တက ပြုလိုက်ပါတယ်။

ခုတော့ ဘုရင်ကြီး မျက်နှာက တစ်မျိုး။ အချိုးတွေလည်း အားလုံးပြောင်း၊ အင်းလေ... သူ့သမီးက မင်းသားလေးတစ်ပါးနဲ့ ညားသွားမှကိုး။

အခမ်းအနား ပြီးဆုံးသွားတော့ မင်းသားလေးက

mgyoe.com

mgyoe.com

မင်းသမီးလေးကို သူ့တိုင်းပြည် တစ်ခါတည်း ခေါ်သွားပါတယ်။ ခမည်းတော်နဲ့ မယ်တော်ကြီးတို့လည်း တစ်ပါတည်း လိုက်ပြန်သွားကြတာပေါ့။

တိုင်းပြည်ပြန်ရောက်တော့ မင်းသားလေး မော်မဆုံး၊ မင်းသမီးလေးလည်း ပျော်မဆုံးပေါ့။

The Magic Slippers စာအုပ်ပါ

The Magic Slippers ပုံပြင်ကို ပြန်ဆိုပါတယ်။

❐

mgyoe.com

mgyoe.com

တန်ဖိုးကြီးတဲ့ မိတ်ဆွေများဘဝ

ဟိုး… ရှေးအခါကပေါ့။ ဘီလုဆိုတဲ့ လယ်သမား တစ်ယောက်ရှိတယ်။ သူဟာ သိပ်ကြင်နာတတ်တယ်။ အလုပ်ကို လည်း ကြိုးစားလုပ်တယ်။ သူက တဲကလေးထဲမှာ တစ်ယောက် တည်း နေတာပေါ့။ အလုပ်လုပ်တော့လည်း သူ့တဲလေးနားက လယ်ကွင်းထဲမှာပါပဲ။ သူ့ဘဝ ရိုးသားလှပေမဲ့ သူကတော့ အမြဲ ပျော်နေတတ်တယ်။

တစ်နေ့ သူလယ်ကွင်းတွေဘက် လျှောက်သွားတော့ ရွှေရောင်တောက်နေတဲ့ ပုစွန်လေးတစ်ကောင်ကို မြင်လိုက်တယ်။ ပုစွန်လေးက လမ်းဘေးရောက်အောင် သုတ်သီးသုတ်ပျာပြေးသွား နေတာလေ။ ဘီလုက လှမ်းနှုတ်ဆက်လိုက်တာပေါ့။

"ဟဲလို… အဲဒီက ပုစွန်လေး လမ်းပျောက်နေသလားလို့။ ဘယ်သွားမလို့လဲ၊ ပြောလေ၊ လိုက်ပို့ပေးမယ်"

mgyoe.com

mgyoe.com

ပုစွန်လေးက မျက်လုံးလှန်ပြီး စိတ်ရှည်လက်ရှည် ပြန်ပြောပြတယ်။

"ကြင်နာတတ်တဲ့ ဦးရေ...၊ ကူညီမယ်ဆိုရင် ကျွန်တော်နေတဲ့ ရေကန်ကို ရှာပေးပါခင်ဗျာ။ ရေကန်အလယ်မှာ ကျောက်တုံးကြီးတစ်တုံး ရှိတယ်ခဗျ။ ကျေးဇူးတင်လိုက်တာဗျာ"

"ဟား... မင်းလေးဟာ မင်းအိမ်နဲ့ သိပ်ဝေးနေပြီကွာ"

ဘီလုက ပြောပြောဆိုဆိုပဲ ပုစွန်လေးကို ကောက်ယူလိုက်ပြီး သူထွက်ခဲ့ရာ ရေကန်ဆီ ပြန်သယ်ယူလာခဲ့တယ်။ ဒါပေမဲ့ ပုစွန်လေးက သိပ်ကိုကြောက်နေရှာတယ်။ တစ်လမ်းလုံး လယ်သမားကြီးရဲ့ ညစာဘဝမရောက်ရပါစေနဲ့လို့ ဆုတောင်းရင်း ကျောက်တုံးလို မာကျောတဲ့ သူ့အခွံထဲ တိုးတိုးဝင်နေတာပေါ့။ အဲ... ကန်စပ်ရောက်လို့ သူ့ကိုအေးမြတဲ့ ရွံ့ပေါ် လယ်သမားကြီးက ချပေးလိုက်မှပဲ "ဟင်း" ချနိုင်ရှာတော့တယ်။

mgyoe.com

mgyoe.com

"ကျေးဇူးတင်ပါတယ် ကြင်နာတတ်တဲ့ ဦးရေ…၊ တစ်နေ့နေ့တော့ ဦးရဲ့ကျေးဇူးကို ကျွန်တော် ပြန်ဆပ်နိုင်မှာပါခင်ဗျာ"

ပုစွန်လေးဟာ လက်မတွေကို ဝှေ့ယမ်းပြရင်းမှာပဲ ကန်မျက်နှာပြင်ထက်က ပျောက်ကွယ်သွားပါတော့တယ်။ အဲ… နောက်နေ့တွေမှာတော့ ရေကန်ထဲသွားပြီး ဘီလုက ငါးမျှားနေတဲ့အခါတိုင်းမှာ ပုစွန်လေးက ရေစပ်နားထိုင်ပြီး စောင့်ကြပ်ပေးတော့တာပဲ။ အချိန်တွေကြာလာတာနဲ့အမျှ သဘာဝချင်းမတူကြတဲ့ သက်ရှိသတ္တဝါနှစ်ဦးတို့ကြားမှာ ခိုင်မြဲတဲ့မိတ်ဆွေဘဝကို တည်ဆောက်နိုင်ခဲ့ကြပြီပေါ့။

ပုစွန်လေးရဲ့ ရေကန်နားမှာ အရုပ်ဆိုး အကျည်းတန်တဲ့ ကျီးမည်းလင်မယား နေကြတယ်လေ။ ကျီးမက ကျီးဖိုကို အမြဲလိုလို အမိန့်ပေးတတ်တယ်။ သူ့ဟာသူ အစာရှာစားနေရတယ်လို့လည်း မကျေမချမ်း ပြောတတ်တယ်။ ကျီးဖိုက ကျီးမကို ကြောက်ရလေတော့ ပြောသမျှ ငြိမ်နားထောင်ရမြဲပေါ့။ ကျီးမက ကျီးဖိုနဲ့ရှာလို့ရသမျှ တိရစ္ဆာန်သေတွေရဲ့ မျက်ဆန်ကို စားတယ်။ အင်း… သူက တိရစ္ဆာန်သေတွေရဲ့ မျက်ဆန်ကိုစားရင် ဟိုး… အဝေးကြီးအထိ မြင်နိုင်တယ်။ မြင်ကွင်းလည်း ကျယ်လာနိုင်တယ်။ ဒါကြောင့် တစ်နေ့မှာ လင်းယုန်ငှက်တွေလို မုဆိုးကြီးဖြစ်လာမယ်လို့ ယုံကြည်ထားတယ်လေ။ လင်းယုန်ငှက်တွေဆိုတာကတော့ သိကြတဲ့အတိုင်းပေါ့။ ဟိုး… ဝေးလံသီခေါင်တဲ့ တောင်စဉ်တောင်တန်းတွေကြားမှာ ဝဲပျံပြီး အစာရှာနိုင်ကြတယ် မဟုတ်လား။

တစ်နေ့ ဘီလုက ဒီကျီးလင်မယားဘေးက ဖြတ်လျှောက်သွားတဲ့အခါ ကျီးမက ဘီလုကို သေသေချာချာ လေ့လာကြည့်

mgyoe.com

mgyoe.com

တယ်။ အဲဒီလို လေ့လာကြည့်ပြီး ကျီးဖိုကို ဟောဒီလို ပြောလိုက်တယ်လေ။ "ငါ သူ့ရဲ့မျက်ဆန်တွေကို စားရလိမ့်မယ်။ ဒီလိုသာ စားနိုင်ရင် ငါ တကယ့်မုဆိုးကြီးဖြစ်ပြီ။ တကယ့် တွေးခေါ်ရှင်ကြီးဖြစ်ပြီ" တဲ့။

အင်း... ကျီးဖိုဘဝက သနားစရာပဲ။ ကျီးမ စကားကြားလိုက်တော့ တုန်လှုပ်သွားတယ်။ ကြောက်စိတ်တွေ ဝင်လာတယ်။ ဒါနဲ့ တူးတူးခါးခါး ငြင်းပယ်သံမျိုးနဲ့ ပြန်ပြောမိလိုက်တယ်။ "ဒါတော့ လုံးဝ မဖြစ်နိုင်ဘူး" မင်း သူ့မျက်ဆန်တွေကို စားလိုက်ရင် လယ်သမားခမျာ မျက်စိကန်းသွားမယ်။ လယ်ထဲဆင်း မလုပ်နိုင်တော့မယ့် သူ့ဘဝဟာ ဘယ်လောက်ဆိုးရွားသွားမလဲ။ သူ့ကိုယ်သူတောင် မထောက်ပံ့နိုင်တော့မယ့် အခြေအနေမျိုး ဆိုက်သွားနိုင်တယ်။ နောက်ဆုံး သေသွားနိုင်ပါတယ်ကွာ။ ဒါကြောင့် မင့်စိတ်ကို ပြောင်းလိုက်ဖို့ ငါ တောင်းပန်ပါတယ် မိန်းမရယ်"

ကျီးဖိုစကား ကြားလိုက်ရတော့ ကျီးမ သိပ်စိတ်ဆိုးသွားတယ်လေ။

"အမယ်... အမယ်... သင်းက ငါ့အာခံရဲသပေါ့။ ငါလိုတာ မရရင် နင့်မျက်ဆန်ကို ဖောက်စားပစ်မယ်။ ဒီမှာ... နင် ဒီလောက် သတ္တိကြောင်နေရင် ငါတို့ကို အမြဲကြောက်ရွံ့ရှိသေရတဲ့ မြွေဟောက်ဆီမှာ အကြံသွားတောင်းမယ်"

ဒီလိုနဲ့ ကျီးလင်မယား မြွေဟောက်အရှာထွက်လာခဲ့ကြတယ်။ တွေ့တော့ သူတို့အစီအစဉ်ကို ပြောပြတာပေါ့။ မြွေဟောက်က သူတို့ကို စဉ်းစဉ်းစားစားကြည့်ပြီး "ကောင်းပြီလေ၊ ကျုပ်ကလည်း လယ်သမားရဲ့လျှာဟာ ဘယ်လိုအရသာမျိုးရှိလေမလဲလို့

mgyoe.com

mgyoe.com

မကြာခဏ တွေးကြည့်မိတယ်။ ကျုပ်တို့ ပေါင်းလုပ်ကြတာပေါ့။ နက်ဖြန် ရေကန်ဘက် လယ်သမားလျှောက်လာတဲ့အခါ ခင်ဗျား တို့လင်မယားက အသိုက်ထဲက တစ်ဟုန်ထိုး ပျံဆင်းပြီး သူ့မျက်လုံး တွေဆီ တန်းတန်းမတ်မတ်ရောက်အောင် ကြိုးစားကြပါ။ လယ်သမားက သူ့ကိုယ်သူ ကာကွယ်ဖို့ လုပ်နေချိန်မှာ ကျုပ်က သူ့ကို ပေါက်လိုက်မယ်။ ဒီလိုဆိုရင် ကျုပ်အဆိပ်တွေက သူ့ကို မေ့မြောသွားစေမှာ သေချာတယ်။ သူမေ့မြောသွားမှတော့ ဘာလို ဦးမလဲဗျာ။ သူ့ မျက်ဆန်တွေကို ခင်ဗျားတို့ စားကြရုံပဲပေါ့။ အဲ… ကျုပ်ကတော့ သူ့လျှာနော်"

ကျီးနှစ်ကောင်က သိပ်ကောင်းတဲ့ အစီအစဉ်ပဲ။ သေချာ ပေါက် အောင်မြင်မှာပဲဆိုတဲ့အတွေးနဲ့ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်လေရဲ့။

မည်သို့ပင်ဖြစ်စေ ပုစွန်ငယ်လေးတစ်ကောင်က သူတို့ စီစဉ်နေသံကို ကြားလိုက်တယ်ဆိုတာကိုတော့ သူတို့သုံးကောင် မသိကြဘူး။ သူတို့အစီအစဉ်ကို သိလိုက်တော့ ပုစွန်လေးဟာ ဘီလုအတွက် သိပ်စိုးရိမ်သွားရှာတယ်။ ဒါနဲ့ လယ်သမား ဘီလုကို ကယ်တင်နိုင်မယ့် အစီအစဉ်ကို သူ ချက်ချင်းဆွဲတော့တာပဲ။

နောက်နေ့မှာ ပုစွန်လေးက ဘီလုကို စောင့်နေကြတဲ့ ကျီးဖို နဲ့ ကျီးမရှိရာ သစ်ပင်ဘက် ထွက်လာခဲ့တယ်။ မကြာခင် လယ်သမားကလည်း သစ်ပင်ဘက် လျှောက်လာတယ်။ ဒီအချိန် မှာပဲ ကျီးနှစ်ကောင်ဟာ လယ်သမားရဲ့မျက်လုံးဆီ တန်းတန်းမတ် မတ် ထိုးဆင်းလာကြတယ်။ တစ်ချိန်တည်းမှာ မြွေဟောက်က လည်း ပုန်းနေရာက ထွက်လာပေါ့။ ခု မြွေဟောက်က လယ်သမား

mgyoe.com

mgyoe.com

လျှောက်လာရာလမ်းပေါ်ရောက်လာပြီ။ လယ်သမားအတွက် မကြုံဖူးတဲ့ အန္တရာယ်ကွင်းထဲရောက်နေပြီပေါ့။ ဒီအချိန်မှာ ရုတ်တရက် အော်သံကြီးပေါ်ထွက်လာတယ်။ ကျီးနှစ်ကောင်က အော်သံထွက်လာရာဘက် ဆတ်ခနဲလှည့်ကြည့်လိုက်တော့ ဟယ်… မြွေဟောက် နာကျင်လွန်းစွာနဲ့ တွန့်လိန်နေပါလား။ ပုစွန်လေးက သူ့ကို ချွန်ထက်တဲ့ ညှပ်တွေနဲ့ ညှပ်ထားပါလား။ ကျီးနှစ်ကောင် ဟာ မြွေဟောက်ကို ကယ်ဖို့ ပုစွန်ဘက် လှည့်လိုက်ကြတယ်။ ဒါပေမဲ့ ပုစွန်လေးက ကျန်တဲ့ ညှပ်တွေကို ကျီးနှစ်ကောင်ဘက် လျှပ်တစ်ပြက် ထိုးထုတ်ပြီး ကျီးဖိုကို ညှပ်ထားလိုက်ပြန်တယ်။ ပုစွန်လေးဟာ သိပ်ကို ဒေါသထွက်လွန်းလို့ အော်ဟစ်ကြိမ်းမောင်း လိုက်တယ်။

"ဒီမှာ ကျီး၊ မင်း အညံ့ခံစမ်းပါ။ မဟုတ်ရင် မင်းရဲ့ အရိုးတွေအားလုံးကို ငါ ချိုးပစ်မယ်။ မင်းဟာ သိပ်ယုတ်မာတယ်။ ဒီလယ်သမားဟာ သိပ်ကို ရိုးသားကြိုးစားတယ်။ တခြားလူတွေကို အမြဲကူညီတယ်။ ဒီလို လူကောင်းတစ်ယောက် အနာတရဖြစ်အောင် မင်း ဘာကြောင့် ဒီလောက်အထိ ရက်စက်ယုတ်မာရသလဲ။ ဘယ်လို မကောင်းမှုမျိုးကိုမှ နောင်မလုပ်တော့ပါဘူးလို့ မင်း ကတိပေးရမယ်"

အားမတန် မာန်လျှော့ပေါ့။ ကျီးနှစ်ကောင်ရော၊ မြွေဟောက်ပါ မဆိုင်းမတွ ကတိပေးလိုက်ကြလေရဲ့။ အဲ… လက်မကြားမှာ ညှပ်ခံထားရတဲ့ အဖမ်းခံနှစ်ကောင်ကို လွှတ်ပေးလိုက်ရင်ပဲ သတ္တဝါသုံးကောင်ဟာ ရှက်ရွံ့ခြင်းကြီးစွာ အမြန်ထွက်သွားကြတယ်။

mgyoe.com

mgyoe.com

ကဲ… ခုတော့ လယ်သမား ဘီလုလည်း ဘေးမသီ ရန်မခတော့။ သူ့မိတ်ဆွေ ပုစွန်လေးကို ကျေးဇူးတင် အပြုံးကလေး ပြုံးပြလိုက်ပါတယ်။ နောက်ပိုင်း ရက်တွေကြာလာတာနဲ့အမျှ သူတို့နှစ်ဦးရဲ့ မိတ်ဆွေဖြစ်မှုဟာ ပိုပိုနက်ရှိုင်းသွားပါတော့တယ်။

The Precious Friendship from
Times Asian Folktales from India.

❒

mgyoe.com

mgyoe.com

ကြောက်စိတ်ကင်းတဲ့ ဂျီအိုဗင်နီနို

ဟိုး... ရှေးတစ်ချိန်တုန်းက ကြောက်စိတ်ကင်းတဲ့ ဂျီအိုဗင်နီနိုအမည်ရှိ လူငယ်တစ်ယောက်ရှိခဲ့တယ်။ သူ့ကို "ကြောက်စိတ်ကင်း" တဲ့ဂုဏ်ပုဒ်ပေးထားတာက သူဟာ ဘာကိုမှ မကြောက်လို့ပဲ။ တစ်နေ့ သူတောပိုင်းထွက်လည်တယ်၊ ညရောက်တော့ လမ်းဘေးထမင်းဆိုင်မှာ အိပ်ခန်းတစ်ခန်းငှားတယ်။ ဒီအခါမှာ ဆိုင်ရှင်က "ကျွန်တော့်ဆိုင်မှာတော့ အခန်းမရှိတော့ဘူး။ ဒါပေမဲ့ ခင်ဗျား မကြောက်ဘူးဆိုရင် ဟောဟိုနားက နန်းတော်ဟောင်းကြီးဆီ ကျွန်တော် ပို့ပေးနိုင်ပါတယ်။ အဲဒီမှာတော့ တစ်ညတာတည်းခိုဖြစ်တာပေါ့ဗျာ" လို့ ပြောပြလိုက်တယ်။

"နေစမ်းပါဦး၊ ကျုပ်က ဘာကြောင့် ကြောက်ရမှာလဲ"

"အကြောင်းကောင်းရှိလို့ပေါ့ဗျာ၊ အဲဒီ နန်းတော်ဟောင်း

mgyoe.com

mgyoe.com

ကြီးထဲ ဝင်သွားရင် ဘယ်သူမှ အသက်ရှင်လျက် ပြန်ထွက်မလာဘူးလေ။ မနက်တိုင်း အသုဘခေါင်းထမ်းလာတဲ့ လူတချို့ဟာ ညည အဲဒီမှာ လာအိပ်ရဲသူကို ခေါင်းထဲထည့် သယ်သွားကြတယ်လေ"

ဒီစကားကြားရတော့ ဂျီအိုဗင် ဘယ်လိုခံစားသွားမလဲ။ စဉ်းစားကြည့်ပေါ့။ သူဟာ မီးအိမ်တစ်လုံးယူ၊ အရက်တစ်ပုလင်းနဲ့ ဝက်အူချောင်းအချို့ထည့်ပြီး နန်းတော်ဟောင်းကြီးဘက် ထွက်လာခဲ့တော့တာပါပဲ။

mgyoe.com

mgyoe.com

သန်းခေါင်ချိန်ကျတော့ ထမင်းဆာလာလို့ သူက စားစရာတွေ ပြင်တာပေါ့။ ဒီမှာတင် မီးခိုးခေါင်းတိုင်ထိပ်က ပေါ်လာတဲ့ အသံကို ကြားလိုက်ရတာပဲ။ "ငါ ပစ်ချလိုက်ရမလား" တဲ့။

ဂျီအိုဗင်က ခပ်တည်တည်၊ ခပ်အေးအေး ပြန်ပြောလိုက်တယ်လေ။

"လုပ်စမ်းပါ၊ ပစ်ချလိုက်လေ"

ဒီလို ပြန်ပြောလိုက်ရင်ပဲ ခေါင်းတိုင်ထိပ်ကနေ လူ့ ခြေတစ်ချောင်း သူ့ရှေ့ကျလာပါရော။ အင်း... ဂျီအိုဗင်က အရက်တစ်ခွက် မော့ချပစ်လိုက်တာပေါ့။

အသံ ထပ်ပေါ်လာပြန်တယ်။ "ပစ်ချလိုက်ရမလား" တဲ့။

"လုပ်စမ်းပါ၊ ပစ်ချလိုက်လေ"

ဟော... နောက် လူ့ခြေတစ်ချောင်း ကျလာပြန်ပြီ။

ဂျီအိုဗင်က ဝက်အူချောင်း နည်းနည်းကိုက်စားလိုက်တယ်။

"ငါ ပစ်ချလိုက်ရမလား"

"လုပ်လိုက်လေ၊ ကြာသလားလို့"

လူ့လက်မောင်းတစ်ဖက် ကျလာတယ်။ ဟဲ... ဟဲ... ဂျီအိုဗင်က ဒီတစ်ခါတော့ လေတောင်ချွန်လိုက်သေးရဲ့။

"ငါ ပစ်ချလိုက်ရမလား"

"ချလိုက်လေကွာ"

နောက် လူ့လက်မောင်းတစ်ဖက်။

"ငါ ပစ်ချလိုက်ရမလား"

"မေးမနေနဲ့ကွာ"

ဒီတစ်ခါတော့ လူကိုယ်လုံးကြီး ကျလာတယ်လေ။ ဒီကိုယ်

mgyoe.com

mgyoe.com

လုံးကြီးက သူ့ဘာသူ ဟိုခြေနှစ်ချောင်းနဲ့ လက်နှစ်ဖက်ကို သွားဆက်လိုက်တယ်။

"ငါ ပစ်ချလိုက်ရမလား"

"ပစ်ချလိုက်"

ဒီတစ်ခါ ခေါင်းတစ်လုံး၊ ဒီခေါင်းကလည်း ခုနက ကိုယ်ကြီးထိပ်မှာ သွားတွဲလိုက်တယ်။ ကဲ... ခုတော့... ကိုယ်ခန္ဓာအစိတ်အပိုင်းတွေက လူ့သရဲကြီးတစ်ကောင် ဖြစ်လာခဲ့ပြီလေ။ ဂျီအိုဗင်က အရက်ဖန်ခွက်ကို မြှောက်လိုက်ပြီး "ကျန်းမာပါစေ" လို့ ဆုတောင်းပေးလိုက်တယ်။ ဒီတော့ လူ့သရဲကြီးက...

"ဟေ့ကောင်... ဟောဒီ မီးအိမ်ယူပြီး ငါနဲ့လိုက်ခဲ့"

ဂျီအိုဗင်က မီးအိမ်ကို ကောက်ကိုင်လိုက်တယ်။ ဒါပေမဲ့ သူ ရပ်နေရာက မရွေ့ဘူး။

"ဟေ့ကောင်... ငါ့ရှေ့က သွားစမ်း"

"ခင်ဗျား ရှေ့ကသွား"

"မင်း ရှေ့က သွားစမ်းပါ"

"ခင်ဗျား ရှေ့ကသွား"

ပြောမရတဲ့အဆုံးမှာ လူ့သရဲကြီးက ရှေ့က သွားရတော့တယ်။ သူတို့ဟာ တစ်ခန်းဝင်၊ တစ်ခန်းထွက် လျှောက်လာလိုက်ကြတာ နောက်ဆုံး တံခါးပေါက်ကလေးတစ်ခု ရှေ့ရောက်လာကြတယ်။

လူ့သရဲကြီးက...

"တံခါးကို ဖွင့်စမ်း"

"အိုး... ခင်ဗျားဘာသာ ဖွင့်ပေါ့"

mgyoe.com

mgyoe.com

ဒီတစ်ခါမှာလည်း လူ့သရဲကြီးက ပခုံးနဲ့တွန်းပြီး တံခါးကို ဖွင့်လိုက်ရပြန်တာပေါ့။

"ဟော့ကောင်... ရှေ့က ဆင်းစမ်း"

"ခင်ဗျား အရင်ဆင်း"

ကွေ့ကွေ့ကောက်ကောက် လှေကားအတိုင်း ဆင်းသွားတော့ မြေအောက်ခန်းထဲ ရောက်သွားကြတာပေါ့။ ဒီအခါမှာ လူ့သရဲကြီးက ကျောက်ပြားတစ်ချပ်ကို ညွှန်ပြပြီး "ဟော့ကောင်၊ အဲဒီကျောက်ပြားကြီးကို မစမ်း" လို့ အမိန့်ပေးပါလေရော။ ဒီတစ်ခါမှာလည်း သူက "အိုး... ခင်ဗျားဘာသာ မပါလား" လို့ ပြန်ပြောလိုက်တာပဲ။ ဒီတော့လည်း လူ့သရဲကြီးက ကျောက်ပြားကြီးကို ကျောက်စရစ်ခဲလေးအတိုင်း လွယ်လွယ်ကူကူ မလိုက်တယ်။

အဲ... ကျောက်ပြားကြီးအောက်မှာတော့ ရွှေအိုးသုံးလုံး။

"ဟော့ကောင်... အပေါ်ထပ်ကို သယ်သွားစမ်း" လို့ လုပ်ပြန်ရော။ ဒီတော့လည်း ဂျီအိုဗင်က "အမိန့်ပေးမနေနဲ့၊ ခင်ဗျားဘာသာ သယ်သွား" လို့ ခပ်တည်တည် ပြန်ဟောက်လိုက်တာပဲ။ ဒီတော့ လူ့သရဲကြီးခမျာ တစ်ခေါက်တစ်အိုးနဲ့ သုံးခေါက်သယ်တင်လိုက်ရတာပေါ့။

အခု သူတို့ မီးခိုးခေါင်းတိုင်ရှိတဲ့ အခန်းထဲ ပြန်ရောက်လာခဲ့ကြပြီလေ။ ဒီအခါမှာ လူ့သရဲကြီးက "ဂျီအိုဗင်ရေ...၊ ပြုစားခံထားရတာတွေ ပြယ်သွားပြီကွ" လို့ အားရဝမ်းသာ ပြောပြပြီး သူ့ခြေတစ်ဖက်ကို ဖြုတ်ပြီး မီးခိုးခေါင်းတိုင်ကို သွားကန်ကြောက်ပစ်လိုက်တယ်။

"ကဲ... ရွှေအိုးတစ်အိုးက မင်းအတွက်ကွ"

mgyoe.com

mgyoe.com

ဒီလိုပြောပြီး လူ့သရဲကြီးက သူ့လက်မောင်းတစ်ဖက်ကို ဖြုတ်ပစ်လိုက်ပြန်တယ်။ လက်မောင်းပြုတ်ကြီးက သူ့ဘာသာ မီးခိုးခေါင်းတိုင်ပေါ် တက်သွားလေရဲ့။

"အေး... ဒုတိယ ရွှေအိုးကတော့ မနက်ခင်းမှာ မင်းကို လာခေါ်ကြမယ့် အခေါင်းထမ်းသမားတွေအတွက်ပေါ့ကွာ။ သူတို့က မင်း သေသွားပြီလို့ သေချာပေါက် တွက်ထားကြတယ်လေ"

လူ့သရဲကြီးဟာ ကျန်လက်မောင်းတစ်ဖက်ကို ဖြုတ် လိုက်ပြန်တယ်။ ဒီလက်မောင်းဟာ ပထမ လက်မောင်းဆီ အမြန်လိုက်သွားလေရဲ့။

"အေး... တတိယ ရွှေအိုးကတော့ ဟောဒီနန်းတော်ဟောင်းကြီးနားက ပထမဆုံး ဖြတ်သွားတဲ့ ဆင်းရဲသမားတွက်ပဲ"

ဒီလိုပြောပြီး သူက ကျန်ခြေတစ်ချောင်းကို ဖြုတ်ပစ်လိုက်ပြီး ကြမ်းပြင်ပေါ် ထိုင်ချလိုက်တယ်။

"ဟောဒီနန်းတော်ဟောင်းကြီးကိုလည်း မင်းကို ငါပေးလိုက်ပါတယ်။ မင်း ထိန်းသိမ်းထားပေတော့"

သူက ဒီလိုပြောရင်း ခန္ဓာကိုယ်ကြီးကို ဖယ်ထုတ်ပစ်လိုက်ပါရော။ ဒီတော့ ကြမ်းပြင်ပေါ်မှာ ဦးခေါင်းတစ်လုံးပဲ ကျန်နေတော့တယ်လေ။

"မင်းကို ခုလို ပေးရတာက ဘာကြောင့်လဲဆိုတော့ ဟောဒီနန်းတော်ဟောင်းကြီးကို ပိုင်ဆိုင်ကြသူတွေအနေနဲ့ သူတို့ ရပိုင်ခွင့် ဆုံးရှုံးသွားပြီ ဖြစ်လို့ပါပဲ"

နောက်ဆုံးတော့ ကျန်နေတဲ့ ဦးခေါင်းကြီးဟာလည်း မီးခိုးခေါင်းတိုင်ပေါ် တက်သွားရင်း ပျောက်ကွယ်သွားတော့တာပါပဲ။

mgyoe.com

mgyoe.com

မနက်အရုဏ်တက်ချိန်ကျတော့ အသုဘဆိုင်ရာ မန္တန်ရွတ်သံတွေကို ကြားလိုက်ရတော့တာပဲ။ ရွတ်ကြသူတွေက တခြားမဟုတ်ပါဘူး။ အသုဘခေါင်း ထမ်းလာကြသူတွေပဲပေါ့။ သူတို့က ဂျီအိုဗင်တစ်ယောက်တော့ သေရှာပြီလို့ ထင်ကြတာကိုး။ ဒီအထင်နဲ့ သူ့ကို သယ်ယူဖို့ရောက်လာကြတာလေ။ ဒါပေမဲ့ နန်းတော်ဟောင်းကြီးရှေ့လည်း ရောက်ကြရော သူတို့ ရုတ်တရက် ခြေလှမ်းတွေ ဆိုင်းသွားကြတယ်။ ကြက်သေ သေသွားကြရတယ်။ ဘာကြောင့်မို့ပါလိမ့်၊ ဘာကြောင့်ရမှာလဲ၊ အသက်ရှင်ရက်နဲ့ ပြတင်းပေါက်နားမှာ ထိုင်ပြီး ဆေးတံခဲနေတဲ့ ဂျီအိုဗင်နီနိုကို လှမ်းတွေ့လိုက်ရလို့ပဲပေါ့။

ဟဲ... ဟဲ... ခုတော့ ဂျီအိုဗင်တစ်ယောက် ရွှေအိုးတစ်အိုးပိုင်ရှင်ဘဝနဲ့ နန်းတော်ဟောင်းကြီးထဲမှာ အိုမင်းရင့်ရော်သွားတဲ့အထိ ပျော်ပျော်ရွှင်ရွှင် စိတ်အေးချမ်းသာစွာနဲ့ နေသွားနိုင်တာပေါ့။ ဒါပေမဲ့ သေနေ့စေ့တော့လည်း ဘာမဟုတ်တာလေးနဲ့ သေသွားရတယ်လေ။

တစ်နေ့ သူက နောက်ပြန်လှည့်ကြည့်လိုက်တယ်။ သူ့အရိပ်ကို ရုတ်တရက် မြင်လိုက်ပြီး လန့်ဖျပ်သေသွားရတာပါပဲ။

ဝန်ခံချက်

Italian Fables စာအုပ်ပါ

Giovannino the Fearless.

❑

mgyoe.com

mgyoe.com

လိမ္မာပါးနပ်လှတဲ့ ရက်ကန်းသမား

တစ်နေ့မှာပေါ့...

ပလ္လင်ထက်မှာ ဘုရင်ကြီးက ထိုင်ပြီး တရားစီရင်နေတယ်။ မှူးမတ်တွေ လျှောက်တင်တာများကို နားထောင်ပြီး စီရင်ချက်တွေ ချနေတယ်။ တစ်ချိန်တည်းမှာ ဘုရင်ကြီးက မှူးမတ်တွေ ဘာများ တင်လျှောက်စရာရှိဦးမလဲလို့တွေးပြီး တင်လျှောက်ကြမယ့် အကြောင်းအရာ၊ အချက်အလက်တွေကို မျှော်လင့်စောင့်စားနေ တယ်။ ကနေ့မှာတော့ ခါတိုင်းနေ့များနဲ့ စာရင် ဆုံးဖြတ်ရမယ့်အမှု ကိစ္စက အတော့်ကို နည်းပါးနေတယ်လေ။ ဒါကြောင့်လည်း ဘုရင် ကြီးဟာ ပလ္လင်ထက်ကထပြီး ဥယျာဉ်ထဲ ဆင်းလမ်းလျှောက်ဖို့ ပြင်ဆင်လိုက်တယ်။ ဒီအခိုက်အတန့်ကလေးမှာပဲ နန်းရင်ပြင်က တံပိုးမှုတ်သံ ပေါ်ထွက်လာတယ်လေ။

"ဘယ်သူလဲ"

mgyoe.com

mgyoe.com

"ဘုရင်ကြီးက အမေးတော်ရှိလိုက်တဲ့အခါ နန်းရင်းဝန်က အပြေးအလွှား ထွက်ကြည့်ရတော့တာပေါ့။ မကြာခင် နန်းရင်းဝန် ပြန်ရောက်လာပြီး အရှေ့နိုင်ငံရဲ့ ဘုရင့်တမန်တော် ဆိုက်ရောက်လာကြောင်း တင်လျှောက်လိုက်တယ်။ တကယ်တော့ ဘုရင်ကြီးဟာ အရှေ့နိုင်ငံရဲ့ ဘုရင့်အရှိန်အဝါကို ထာဝရကြောက်ရွံ့နေရသူပဲ။

"ရှေ့တော်မှောက် ခေါ်ခဲ့ပါလေ"

mgyoe.com

mgyoe.com

အမိန့်သာ ပေးလိုက်ရတယ်၊ အရှေ့နိုင်ငံဘုရင်က ဘယ်လို သတင်းများ သူ့ဆီပို့လိုက်မှာပါလိမ့်ဆိုတဲ့အတွေးက သူ့ကို အတော်လေး စိုးရိမ်ထိတ်လန့်နေစေတာအမှန်ပဲ။

ဟော... တမန်တော် ရှေ့တော်မှောက်ရောက်ခဲ့ပါပြီ။ တမန်တော်က စကားတစ်ခွန်းမှမဟဘဲ ဘုရင်ကြီးကို ဦးညွှတ် အရိုအသေပေးတယ်။ နောက်ပြီး ပလ္လင်ရှေ့က ကြမ်းပြင်ပေါ်မှာ စက်ဝိုင်းအနက်ကြီးတစ်ခုကို ဆွဲလိုက်တယ်။

အဲ... စက်ဝိုင်းအနက်ကြီး ဆွဲပြီးတော့မှ သူ့အတွက် ပေးထားတဲ့ ကုလားထိုင်မှာ တမန်တော်က သွားထိုင်လိုက်တယ်။ ထိုင်နေပုံက ကျောက်ရုပ်ကြီးလို လုံးဝမလှုပ်ရှားဘူး။ စကားလည်း တစ်ခွန်းမှ မပြောဘူး။

အင်း... ရှင်းတော့ ရှင်းနေပြီ။ လျှို့ဝှက်တဲ့ ပြဿနာတစ်ခုကို ဘုရင်ကိုယ်တိုင် ရှင်းရတော့မယ်။ ဘုရင်က မှူးမတ်တွေ၊ ပညာရှိကြီးတွေဘက် လှည့်လိုက်ပြီး ဆွဲလိုက်တဲ့ စက်ဝိုင်းအဓိပ္ပာယ်ကို နားလည်ကြသလားလို့ မေးတယ်။ ဒီတော့လည်း တစ်ယောက်တစ်မျိုး ဖြေကြတော့တာပေါ့။ ဒါပေမဲ့ အားလုံးက ရမ်းသန်းဖြေကြတယ်ဆိုတာ ရှင်းနေတယ်လေ။ ဒါကြောင့် နောက်ဆုံးမှာ ဘုရင်ကြီးက...

"ကဲ... သင်တို့အားလုံး နေပြည်တော်တစ်ခွင် ပြုပြစ်ငအောင် ဆင်းပြီး သင်တို့ထက် ပညာပိုရှိတဲ့သူတွေကို လိုက်ရှာကြပေရော့။ အကယ်၍ နက်ဖြန် နေမဝင်ခင်အချိန်ထိ ခုပြဿနာကို ဖြေရှင်းပေးနိုင်မယ့်သူကို မတွေ့ရင် သင်တို့ ခေါင်းအဖြတ်ခံရပြီသာ မှတ်လိုက်ပေတော့" လို့ တချက်လွှတ်အမိန့်တော် ချမှတ်လိုက်တယ်။

mgyoe.com

mgyoe.com

ဒီတော့လည်း မှုူးမတ်တွေ၊ ဝန်ကြီးတွေ ပူပင်သောက စိတ်တွေနဲ့ ထွက်ခဲ့ကြရပြီပေါ့။ သူတို့ အချင်းချင်း ခေါင်းချင်းရိုက်ကြရတာလည်း အမောပဲလေ။ သူတို့က မင်းနေပြည်ကြီးကို အပိုင်းတွေ ခွဲကြတယ်။ လူစုခွဲကြတယ်။ သူ့အပိုင်းနဲ့သူ ပညာရှိကို မတွေ့တွေ့အောင် စုံစမ်းရှာဖွေကြဖို့ လုပ်ကြတယ်။ အခုယူထားတဲ့ တာဝန်အတိုင်း ပိုက်စိပ်တိုက်ရှာကြဖွေကြပြီပေါ့။ ဒါပေမဲ့ အချည်းနှီးပါပဲ။ စက်ဝိုင်းအနက်ကြီးရဲ့ အဓိပ္ပာယ်ကို ရှင်းပြနိုင်တဲ့ ပညာရှင်ကို မတွေ့ကြရဘူး။

အခုဆိုရင် နေတောင်ဝင်တော့မယ်။ အမတ်ကြီးတစ်ယောက်ကတော့ ဆင်ခြေဖုံးရပ်ကွက်ထဲမှာ တစ်အိမ်တက်တစ်အိမ်ဆင်း ရှာနေဆဲပေါ့။ သူဟာ အခု လူမရှိတဲ့ တဲငယ်လေးတစ်လုံးနားရောက်လာခဲ့ပြီ။ သူက တဲငယ်လေးထဲ ဝင်ကြည့်တယ်။ မျက်နှာကြက်ကနေ ခန်းဆီးစအတိုကလေး ချိတ်ဆွဲထားတာကို တွေ့ရတယ်။ အတော်ကြာအောင် စိုက်ကြည့်လေမှ ခန်းဆီးစကလေးဟာ သူ့ဘာသူ နှေးနှေးလေးလွှဲနေကြောင်း သတိပြုမိတယ်။ ခန်းဆီးစကလေးလွှဲနေတော့ အခန်းကလေးက အေးနေတာပေါ့။ အမတ်ကြီးစိတ်ထဲမှာ ထူးဆန်းသလို ခံစားနေရတယ်။ ဒါနဲ့ သူဟာ တဲအပြင်ဘက်က ဥယျာဉ်ထဲ လှမ်းကြည့်လိုက်ပြန်တယ်။ ဒီအခါမှာလည်း အံ့သြစရာတစ်ခုနဲ့ တိုးရပြန်ရော။ မိုးမခပင်ကြီးနားက ပြောင်းခင်းထဲမှာ အစာရှာစားနေကြတဲ့ ငှက်တွေကို တစ်စုံတစ်ရာ ခြောက်လှန့်နေတယ်လေ။ ဘယ်သူကများ ခြောက်လှန့်နေပါလိမ့်ဆိုပြီး အမတ်ကြီးက ဟိုကြည့်ဒီကြည့်လုပ်ပြီး ရှာဖွေကြည့်တယ်။ ဘယ်သူ့ကိုမှ မမြင်တွေ့ရဘူး။ နောက်ဆုံးကျမှ လားလား မိုးမခပင်ကြီးက ခြောက်

mgyoe.com

mgyoe.com

လှန့်ပေးနေတာကိုး။ ကြည့်စမ်း၊ လေလည်း မတိုက်ပါဘဲနဲ့ မိုးမခပင်ကြီး လှုပ်ယိမ်းနေပါလား။

အမတ်ကြီးအဖို့ ထူးသည်ထက်ထူး၊ ဆန်းသည်ထက်ဆန်းဆန်းလာတာပေါ့။ ဒါနဲ့ သူဟာ တဲအောက်က အလုပ်ခန်းထဲဆင်းကြည့်တော့တာပဲ။ ရက်ကန်းသမားတစ်ယောက် ရက်ကန်းရက်နေတာကို တွေ့လိုက်ရတယ်။ ဒီမှာလည်း အမတ်ကြီး ရင်သပ်အံ့သြရပြန်တာပဲ။ ဘာကြောင့်လဲဆိုတော့ လှုပ်ရှားစေတဲ့ တစ်စုံတစ်ခုကို မတွေ့ရဘဲ ရက်ကန်းစင်ကြီးက သူ့ဟာ သူလှုပ်ရှားနေတာကိုး။ ရက်ကန်းသမားကလည်း ဘာမှထွေထွေထူးထူး မလုပ်ဘူး။ ချည်တွေကိုပဲ ညွှန်ကြားနေတယ်လေ။

"အင်း... မင်းနေပြည်တော်တွင်းက အတော်ဆုံး ပညာရှင်တစ်ယောက်ကိုတော့ ငါတွေ့နေပြီ"

အမတ်ကြီးက အဲဒီလို သေချာပေါက်တွေးလိုက်ပြီး ဘုရင့်ထံရောက်လာတဲ့ တမန်တော်အကြောင်း ရက်ကန်းသမားကို ပြောပြလိုက်တယ်။ တစ်ဆက်တည်းမှာပဲ...

"ကဲ... ဒီတော့ နေလည်း ဝင်တော့မယ်၊ အချိန်မရှိဘူး။ မြန်မြန်သာ ကျုပ်နဲ့ လိုက်ခဲ့ပေရော့။ ခန်းဆီးစကလေး သူ့ဟာသူလွှဲနေအောင်၊ မိုးမခပင်ကြီး သူ့ဟာသူ လှုပ်ယိမ်းနေအောင်၊ ရက်ကန်းစင်က သူ့ဘာသူ ရက်ကန်းရက်နေအောင် လုပ်ဆောင်ဖန်တီးနိုင်သူတစ်ဦးဟာ စက်ဝိုင်းအနက်ကြီးရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်လောက်တဲ့အထိ ပညာရှိမှာ သေချာပါတယ်လေ" လို့ ပြောရင်း နန်းတော်ထဲလိုက်ခဲ့ဖို့ "လော" လိုက်ပြန်တယ်။

ရက်ကန်းသမားက ခဏ စဉ်းစားလိုက်ပြီး...

mgyoe.com

mgyoe.com

"လိုက်ခဲ့ပါ့မယ်၊ ကျွန်တော်ကလည်း အဖြေထုတ်ပေးနိုင်မယ်လို့ ထင်ပါတယ်။ ခဏကလေးစောင့်ပါ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"လို့ ပြောပြီး ခြံထဲ ထွက်သွားတယ်။ သူဟာ ကြက်ခြံထဲက ကြက်မတစ်ကောင်ကို ဆွဲထုတ်ယူတယ်။ အရိုးနှစ်ချောင်းကို အိတ်ကပ်ထဲထည့်တယ်။ ပြီးမှ ကြက်မကို ချိုင်းကြားမှာညှပ်ပြီး အမတ်ကြီးနဲ့ လိုက်လာခဲ့တယ်။

ဘုရင်ကြီးကတော့ ပလ္လင်ထက်က မရွေ့သေးဘူး။ ဘုရင့်တမန်တော်ကလည်း ကုလားထိုင်မှာ မတ်တတ်ရပ်ကြီးလို ထိုင်ရက်ပဲ။

နန်းတော်ထဲ ရောက်လျှင်ရောက်ချင်း ရက်ကန်းသမားက စကားတစ်ခွန်းမှ မပြောဘဲ ဘုရင့်တမန်တော်နား ကပ်သွားပြီး သူ့ဘေးမှာ အရိုးနှစ်ချောင်းကို ချထားလိုက်တယ်။ ရက်ကန်းသမားလုပ်ရပ်အတွက် ပြန်ဖြေတဲ့သဘောနဲ့တမန်က သူ့အိတ်ကပ်ထဲက လူးစေ့လက်တစ်ဆုပ်နှိုက်ယူပြီး ကြမ်းပြင်ပေါ်မှာ ဖြန့်ကျဲလိုက်တယ်။ ပြန့်ကျဲနေတဲ့ လူးစေ့တွေပေါ်မှာ ရက်ကန်းသမားက သူ့ကြက်မကို ချထားလိုက်တယ်။ ကြက်မက ပြန့်ကျဲနေတဲ့ လူးစေ့တွေကို ခပ်မြန်မြန်ပဲ ကုန်အောင် ကောက်စားပစ်လိုက်တယ်။

ဒီအခြင်းအရာကို မြင်လိုက်ရတာနဲ့ တမန်တော်ဟာ ချက်ချင်းနေရာကထ၊ ဘုရင့်ကို ဦးညွှတ်အရိုအသေပေးပြီး နန်းတော်ထဲက ထွက်သွားတော့တယ်။

ဒီတော့မှ ဘုရင်ကြီးက…

"သင်ဟာ ပြဿနာရဲ့အဖြေကို ထုတ်ပေးနိုင်ခဲ့ပေပြီ။ သင့်ကို ဆုတော်လာဘ်တော် အမြောက်အမြား ပေးသနားတော်မူမည်။ သို့သော်… ဘာသဘောတွေလဲဆိုတာ ကျုပ်လုံးဝမသိပါ။

mgyoe.com

mgyoe.com

ထို့ကြောင့် ကျုပ်ကို ရှင်းပြစမ်းပါဦး” လို့ ရက်ကန်းသမားကို ပြောလိုက်တယ်။

“အရှင်မင်းကြီး၊ စက်ဝိုင်းအနက်ဟာ အမှန်တော့ တစ်ဖက်ဘုရင်က ပို့လိုက်တဲ့ သတင်းလွှာပါပဲ။ အဓိပ္ပာယ်က “အကယ်၍ ကျွန်ုပ်က စစ်တပ်ကြီးတစ်တပ်ကို စေလွှတ်၍ သင့်နေပြည်တော်ကြီးကို ဝိုင်းထားမည်ဆိုလျှင် သင်လက်နက်ချ အရှုံးပေးမည်လော” ဆိုတာပါပဲ။ အဲဒီမေးခွန်းကို အရိုးနှစ်ချောင်းက “ကျုပ်တို့နဲ့စာရင် သင်တို့သည် ကလေးမျှသာ ဖြစ်ကြပေသည်။ သင်တို့သည် ဟောဒီလို ကစားစရာ အရုပ်များနဲ့သာ ထိုက်တန်ပေသည်”လို့ ပြန်ဖြေလိုက်ပါတယ်။ တမန်တော် ဖြန့်ကျဲလိုက်တဲ့ လူးစေ့တွေက ကျွန်တော်တို့ကို တိုက်ခိုက်ဖို့ တစ်ဖက်ဘုရင် စေလွှတ်လိုက်မယ့် စစ်တပ်ကြီးရဲ့ အရွယ်ပမာဏကို ပြဆိုပါတယ်။ ဒါပေမဲ့ လူးစေ့တွေကို ကြက်မက အကုန်စားပစ်လိုက်ပါတယ်။ ဒီအဓိပ္ပာယ်ကို တမန်တော် နားလည်သွားပါတယ်။

“ဘယ်လို နားလည်သွားတာလဲ”

“သင်တို့ စစ်တပ်လောက်ကိုတော့ တို့က တစ်ယောက်တည်း နဲ့ ချေမှုန်းပစ်နိုင်တယ်လို့ နားလည်သွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မင်းနေပြည်တော်ကြီးကို တစ်ဖက်ဘုရင်ဟာ လာရောက်တိုက်ခိုက်တော့မှာ မဟုတ်ဘူးလို့ ကျွန်တော် ထင်မြင်ယူဆမိပါတယ် အရှင်မင်းကြီး”

“သင်သည် ကျုပ်တိုင်းပြည်ကို ကယ်တင်ခဲ့ပေပြီ။ ကျုပ်ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးခဲ့ပေပြီ။ ဘယ်လိုဆုလာဘ်မျိုး အလိုရှိတယ်ဆိုတာကို လျှောက်တင်ပါလော့”

mgyoe.com

mgyoe.com

ဒီတော့ ရက်ကန်းသမားက...

"ကျွန်တော် တခြားဆုလာဘ် မတောင်းခံလိုပါ။ ကျွန်တော့် သမီး မင်္ဂလာဆောင်မှာ လက်ဖွဲ့ဖို့ နေပြည်တော်တံခါးရဲ့ အပြင်ဘက်က လယ်ကွက်ကလေးတစ်ကွက်ကိုသာ တောင်းခံလိုပါတယ် အရှင်မင်းကြီး" လို့ တင်လျှောက်လိုက်တယ်။ ပြီးတော့...

"အရှင်မင်းကြီး၊ ကျေးဇူးပြု၍ အချက်တစ်ချက်ကိုလည်း အမြဲမပြတ် နှလုံးသွင်းထားစေချင်ပါတယ်။ အဲဒီအချက်ကတော့ "ဝန်ကြီးတစ်ယောက်၊ ရှင်ဘုရင်တစ်ပါးဟာ သူ့တိုင်းနိုင်ငံကို ကယ်တင်နိုင်သလို၊ အလုပ်အကျွေးပြုနိုင်သလို ရက်ကန်းသမား တစ်ယောက်ကလည်း အနည်းနဲ့အများတော့ ကယ်တင်နိုင်ပါတယ်၊ အလုပ်အကျွေး ပြုနိုင်ပါတယ်" ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ် အရှင်မင်းကြီး" လို့ ပြောပြပြီး နိဂုံးချုပ်လိုက်တယ်။

Finding out No.64. The Clever Weaver အမေရိကန်ပုံပြင်။

❐

mgyoe.com

mgyoe.com

ကြက်နီမလေး

ဟိုး... ရှေးရှေးတုန်းကပေါ့။ ကြက်နီမလေးတစ်ကောင်ဟာ မြေကြီးကိုယက်ရင်း ယာခင်းအနှံ့သွားနေတတ်တယ်။ အဲ... ယက်ပါများတော့ တစ်နေ့မှာ သူဂျုံစေ့အချို့ ရသွားသတဲ့။ ဒီတော့ အိမ်နီးချင်းတွေကိုခေါ်ပြီး "ဒီဂျုံစေ့လေးကို စိုက်ရင် ပေါင်မုန့်ရမှာပဲ။ စိုက်တဲ့အခါ ကျွန်မကို ဘယ်သူကူမလဲ"

ဒီတော့ နွားမကြီးက "မကူညီနိုင်ပေါင်" တဲ့။

ဘဲကလည်း "ကျုပ် မကူနိုင်ဘူး" လို့ ပြောတယ်။

ငန်းကတော့ "သွားလိုက်ဦးမယ်၊ တာ့တာ" လို့ နှုတ်ဆက်ပြန်သွားရော...

ကြက်နီမလေး စိတ်ဓာတ်မကျပါဘူး။

"ကောင်းပြီလေ၊ ရပါတယ်။ ကျွန်မတစ်ကောင်တည်းပဲ စိုက်မယ်"

mgyoe.com

mgyoe.com



သူ ဂျုံစေ့ကလေးတွေကို စနစ်တကျ ကြိုးစားစိုက်တယ်။ မကြာပါဘူး၊ အပင်ကလေးတွေ ပေါက်လာပါရော။ အပင်ကလေးတွေက အသန်မြန်လိုက်တာ။ ဟော... ဂျုံစေ့ကလေးတွေ ထွက်လာပြီ။ အိုး... မှည့်တောင် မှည့်ပါပေါ့လား။ ရိတ်ချိန်ရောက်ပြီပေါ့။

"ကဲ... ဂျုံပင်တွေ ရိတ်တော့မယ်နော်။ လုပ်အားလိုနေပါတယ်"

ဘဲက "ကျုပ် မကူနိုင်ဘူး" တဲ့။

mgyoe.com

mgyoe.com

နွားမက "သိက္ခာကျမယ့်အလုပ်မျိုး ဘယ်တော့ မလုပ်ဘူး" ဆိုပါလား။

ငန်းက "ကူရိတ်သိမ်းမပေးလို့ ဘာမှမရလည်း နေပါစေတော့၊ ကိစ္စမရှိဘူး" လို့ ပြောလိုက်တယ်။

ကြက်နီမလေး စိတ်ဓာတ်မကျပါဘူး။

"ရတယ်... ရတယ်၊ ကျွန်မဘာသာပဲ ရိတ်မယ်"

ကဲ... ရိတ်လိုက်တော့ ဂျုံစေ့ကလေးတွေ ရတာပေါ့။ သူက ဂျုံစေ့ကလေးတွေကို ဂျုံမှုန့်ဖြစ်အောင်လုပ်။ နောက်ဆုံးမှာ ပေါင်မုန့်ဖုတ်ရုံပဲ ရှိတော့တယ်လေ။

"ပေါင်မုန့်ဖုတ်တော့မယ်နော်၊ ကူညီချင်တဲ့လူ လာခဲ့ကြပါ။ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်"

ဒီတော့ နွားမက "အိုး... မအားပါဘူး"တဲ့။

ဘဲက "ငါ့အလုပ် ပျက်မယ်၊ အလုပ်ပျက်ရင် နောက်တိုးအမြတ်ကလေး လက်လွတ်ဆုံးရှုံးသွားတော့မယ်" ဆိုကိုး။

ဝက်ကတော့ "ပေါင်မုန့် ဖုတ်နည်းမှ မသိတာ" လို့ ပြောပြီး အလိမ္မာဖက် ရှောင်ထွက်သွားတယ်လေ။

ငန်းက "ကူတဲ့သူက ငါတစ်ဦးတည်းဖြစ်နေရင် အများနဲ့ ခွဲခြားခွဲခြားလုပ်သလို ဖြစ်သွားမှာပေါ့" လို့ အကြောင်းပြ ငြင်းလိုက်တယ်။

ဒီတော့လည်း ကြက်နီမလေးက...

"ရတယ်... ရတယ်၊ ကျွန်မဘာသာပဲ ဖုတ်တော့မယ်" ပဲပေါ့။

အင်း... ကိုယ့်ဟာကိုယ် ဖုတ်လိုက်တော့လည်း ပေါင်မုန့်

mgyoe.com

mgyoe.com

လေးတွေ ရလာတာပဲပေါ့။ ရတာမှ ငါးလုံးတောင်။ မွေးအိနေတာပဲ။ ကြက်နီမလေးက ပေါင်မုန့်လေးတွေကို မြှောက်မြှောက်ပြနေတယ်လေ။ အိမ်နီးချင်းတွေ မြင်သွားအောင်ပေါ့။ ဒီတော့ အိမ်နီးချင်းတွေက သူတို့ကိုလည်း ပေါင်မုန့်မျှဝေပေးပါဦးတဲ့။ ဩော်... အရှက်နှယ်နည်း နိုင်ရန်ကော။

"အမယ်လေးတော်... မမျှဝေနိုင်ပါဘူး၊ ငါးလုံးစလုံး ကျွန်မ စားပစ်မယ်"

ဒီတော့ နွားမက "အမြတ်ထုတ်တာ များလွန်းတယ်" တဲ့။

ဘဲက "အရင်းရှင်၊ သွေးစုပ်ကောင်" လို့ တံဆိပ်နှိပ်လိုက်တယ်လေ။

ငန်းလေသံက "တူညီတဲ့ အခွင့်အရေးရဖို့ တောင်းဆိုရမယ်" ဆိုပါလား။ ဟား... ဟား... ဟား။

ခုတစ်ကြိမ်မှာ ဝက်က ဘာမှဝင်မပြောဘဲ အလိုမကျသံတွေကိုသာ မှုတ်ထုတ်နေလေရဲ့။ နောက်ဆုံးတော့ အားလုံးက "မတရားဘူး" ဆိုင်းဘုတ်တွေကိုင်ပြီး လှည့်ဆန္ဒပြကြတော့တာပေါ့။ လှည့်ရင်း ညစ်ညစ်ညမ်းညမ်းတွေ အော်ကြဟစ်ကြ။ အို... သိပ်ကို အောက်တန်းကျလွန်းပါတယ်။ ယိုသူမရှက် မြင်သူရှက်ရတဲ့ကိန်းပဲ။

နောက်ဆုံးမှာ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး ကြက်နီမလေးဆီ ရောက်လာတယ်။

သူက "မင်း ဒီလောက် လောဘမကြီးသင့်ဘူး" တဲ့။

"ဒါပေမဲ့ ပေါင်မုန့်က ကျွန်မ လုပ်အားနဲ့ရတာလေ"

"မှန်တယ်၊ မင်း အခုပြောနေတာက လွတ်လပ်တဲ့ စီးပွားရေး

mgyoe.com

mgyoe.com

သဘောတရားပဲ။ ဘယ်သူမဆို ယာခင်းထဲက လိုအပ်သလောက် ရယူပိုင်ခွင့် ရှိတယ်။ ဒါပေမဲ့ တို့ဥပဒေက ကုန်ထုတ်လုပ်ရေး အလုပ်သမားတွေဟာ သူတို့ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေကို အလုပ်မလုပ်တဲ့သူတွေနဲ့ မျှဝေရမယ်လို့ ဆိုထားတာပဲ။

ဒီဥပဒေအရ ဘာမှမလုပ်သူတွေ သိပ်ပျော်သွားကြတယ်လေ။ ပေါင်မုန့်ခွဲတမ်း ရသွားကြတာကိုး။

ဒါပေမဲ့...

နောက်ပိုင်းမှာ "ကြက်နီမလေး ဘာကြောင့် ပေါင်မုန့် မဖုတ်တော့ပါလိမ့်" လို့ အိမ်နီးချင်းတွေ စဉ်းစားရတဲ့ အခြေဆိုက်လာတော့တာပါပဲ။

ဝန်ခံချက်

The Modern Little Red Hen in R.D-1976.

❐

mgyoe.com

mgyoe.com

တံခါးမှူးရဲ့ သမီး

ဟိုး... ရှေးအခါက ဘုရင်တစ်ပါး ရှိခဲ့ပါတယ်။ ဒီဘုရင်မှာ သားတော်သုံးယောက်ရှိတယ်။ သားတော်အားလုံး ကျန်းမာသန်စွမ်းကြတယ်။ ရုပ်ရည်ချောမောကြတယ်။ လိမ္မာရေးခြား ရှိကြတယ်။ ဘုရင်ကြီးမှာတော့ သူ့သားတော် သုံးယောက်စလုံး ပညာဉာဏ်နဲ့ ပြည့်စုံပြီး ချောမောလှပတဲ့ မင်းသမီးကလေးတွေနဲ့ လက်ထပ် ထိမ်းမြားဖို့ ဆန္ဒရှိနေတယ်။

ဘုရင့်နန်းတော်က ဥယျာဉ်ကြီးထဲမှာ ရှိတယ်။ ဥယျာဉ်ကြီးကိုလည်း လေးဖက်လေးတန် အုတ်နံရံနဲ့ ကာထားတာပေါ့။ အုတ်နံရံတစ်ဖက်မှာပဲ အဝင်အထွက်ပြုလုပ်တဲ့ အပေါက်ရှိတယ်။ ဒီအဝင်အထွက် ဂိတ်ပေါက်ကြီးကို တံခါးမှူးတစ်ယောက်က အမြဲစောင့်ကြပ်ပေးနေရတာပေါ့။ တံခါးမှူးဟာ ဂိတ်ပေါက်နားမှာပဲ အိမ်ကလေး ဆောက်နေရတယ်။

တံခါးမှူးက မချမ်းသာပါဘူး။ လစာတော်ငွေ များများ

mgyoe.com

mgyoe.com

စားစား ရတာမှ မဟုတ်ဘဲကိုး။ နန်းတော်တွင်း ဝင်ထွက်သွားလာနေကြတဲ့ လူကြီးလူကောင်းတွေဆိုရင် ဒီတံခါးမှူးကို အဖက်လုပ်စကားတောင်မပြောကြဘူး။

mgyoe.com

mgyoe.com

တံခါးမှူးရဲ့ သမီးလေးက "အန်" တဲ့။ သိပ်ကို အကြင်နာ တရား ကြီးမားလှတဲ့မိန်းကလေးပဲ။ ဆောင်းအခါ နှင်းတွေထဲမှာ အစာရှာမရတဲ့ ငှက်ကလေးတွေကို သူကလေးက အမြဲ အစာကျွေး ပါတယ်။ ဆင်းရဲသူ ဆင်းရဲသားတွေ၊ နာမကျန်း ဖြစ်နေကြတဲ့သူ တွေကိုလည်း တတ်စွမ်းသလောက် ပြုစုပေးတာပဲ။ ကူညီတာပဲ။ ဆာလောင်မွတ်သိပ်နေသူ တစ်ယောက်ယောက်က သူ့အိမ်ရှေ့ လာပြီး စားစရာကလေးများ တောင်းတဲ့အခါ၊ သူ့တစ်ယောက် တည်းအတွက် လုံလုံလောက်လောက် မရှိတဲ့အခါမျိုးမှာတောင် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲလိုက်တာပဲ။ဒီလောက်အထိ စေတနာတရားထက်သန်ပြီး ကြင်နာသနားတတ်တာကြောင့် လည်း လူတိုင်းက သူလေးကို ချစ်ခင်နေကြတာပေါ့။

တစ်နေ့ ဘုရင်ရဲ့ အငယ်ဆုံးသားတော်ဟာ ဥယျာဉ်ကြီး ထဲကနေ မြင်းစီးထွက်လာခဲ့တယ်။ တံခါးမှူးက ဂိတ်ပေါက်ကို ဖွင့်ပေးရတာပေါ့။ တံခါးပွင့်သွားတာနဲ့ မင်းသားက မြင်းကို ဒုန်းစိုင်းစီးသွားတယ်။ မင်းသားဟာ တံခါးမှူးကိုရော၊ တံခါးမှူးရဲ့ သမီးကိုပါ တစ်ချက်ကလေးတောင် ကြည့်မသွားပါဘူး။ အမှန် တော့ ဘယ်သူ့ကိုမှ မကြည့်နိုင်လောက်အောင် သူ့မြင်းကြီးကို ဂရုစိုက်ပြီး စီးထွက်သွားတာပါ။ မင်းသားရဲ့မြင်းက ကန်တတ် တယ် မဟုတ်လား။ မြင်းစီးထွက်သွားလို့ အတော်ကြာမှ မင်းသားက နန်းတော်ဘက်ပြန်လှည့်လာတယ်။ နန်းတော် နားရောက်တော့ သူ့မြင်းခြေထောက်တစ်ချောင်းက နာလာပါ ရော။ မင်းသား မြင်းပေါ်က ဆင်းလျှောက်လာစဉ်မှာပဲ တံခါး မှူးအိမ်ရှေ့မှာ လူတချို့ ရပ်နေတာကို လှမ်းတွေ့လိုက်ရတယ်။

mgyoe.com

mgyoe.com

ဆင်းရဲတဲ့ လူကြီးတစ်ယောက်ရယ်၊ ဆင်းရဲတဲ့ အမျိုးသမီးကြီး တစ်ယောက်ရယ်၊ နောက်တစ်ယောက်ကတော့ သူတို့ရဲ့သားငယ်လေး ထင်ပါရဲ့။ တံခါးမှူးအိမ်ရှေ့မှာ ရပ်နေကြတယ်လေ။

သူတို့ကိုမြင်တော့ မင်းသားက...

"သူတို့က ဘယ်သူတွေလဲ" လို့ တံခါးမှူးသမီးကို မေးတယ်။

"ကျွန်မရဲ့ မိတ်ဆွေတွေပါ"

အမှန်တော့ ရပ်နေတဲ့ အမျိုးသမီးဟာ စိတ်မကောင်းလွန်းလို့ ငိုရှိုက်နေတာပဲ။ ဒါကို မင်းသားက သတိပြုမိလိုက်တယ်။ ဒါကြောင့်လည်း "အဒေါ်ကြီး၊ ဘာဖြစ်လို့ ငိုနေတာလဲ" လို့ မေးလိုက်တာပေါ့။

ဘုရင့်သားတော်ကဲ မေးတယ်ဆိုတော့ အမျိုးသမီး အတော်ထိတ်သွားရှာတယ်။ ဒါပေမဲ့ တံခါးမှူးသမီးက အမျိုးသမီးလက်ကို ဆွဲပြီး "အဒေါ်၊ မင်းသားက မေးနေတယ်လေ။ ပြန်ပြောလိုက်ပါဦး"လို့ အားပေးလိုက်တဲ့အတွက် အမျိုးသမီး က...

"အို... အရှင်မင်းသား၊ အဒေါ့်သားလေး နာမကျန်းဖြစ်နေပါတယ်။ သေလုမတတ် နာမကျန်းဖြစ်နေတဲ့ သားလေးကို ဟောဒီ တူမလေး "အန်" က ပြန်ကျန်းမာလာအောင် ပြုစုကုသပေးခဲ့ယ်။ အင်မတန်ကို တော်တဲ့ တူမလေး "အန်" ပါ အရှင့်သား"လို့ ပြောပြလိုက်တယ်။

"အေးဗျာ... ခုလို ကြားရတော့ ဝမ်းသာလိုက်ပါဘိ အဒေါ်ရယ်။ ကဲ... ကဲ... အဒေါ့်သားငယ်ကို အိမ်ပြန်ခေါ်သွားတော့။ ကောင်းကောင်း ဂရုစိုက်ပါနော်"

mgyoe.com

mgyoe.com

ဆင်းရဲသားမိသားစု ပြန်သွားတဲ့အခါ မင်းသားလေးက "အန်" ကို မေးကြည့်လိုက်တယ်။

"မင်း ငါ့မြင်းရဲ့ ခြေထောက်နာနေတာကို ကုပေးနိုင်မလား"

"ကြိုးစားကြည့်ပါ့မယ် မင်းသား"

"ကောင်းပါပြီတဲ့ဗျာ၊ ဒါပေမဲ့ သတိထားနော်၊ ငါ့မြင်းက ကန်တတ်တယ်။ တစ်ခါတစ်ရံမှာ သူမသိတဲ့လူဆိုရင် ကိုက်တောင် ကိုက်တာကွဲ့"

"ကျွန်မကိုတော့ ကိုက်မယ်မထင်ပါဘူး မင်းသားရဲ့"

တံခါးမှူးသမီးက မြင်းနားကပ်သွားပြီး ညင်ညင်သာသာလေး စကားပြောတယ်။ မြင်းက သူကလေး ပြောသမျှကို အသာတကြည် နာခံပါတယ်။ ဒီတော့မှ မြင်းခြေထောက်ကို ဆေးကြောပြီး ဆေးအဆီနည်းနည်း ထည့်ပေးလိုက်တယ်။

"မင်းသားရဲ့မြင်း နောက်နှစ်ရက်လောက်ဆို ပျောက်သွားမှာပါ"

မင်းသား နန်းတော်ပြန်အရောက်မှာ တံခါးမှူးသမီးရဲ့ ပုံရိပ်ကလေးတွေ မျက်စိထဲက မထွက်တော့ဘူး။ စဉ်းစားစရာ၊ တွေးစရာတွေ သူ့ခေါင်းထဲ အများကြီး ဝင်လာကြတယ်။

ဒီဖြစ်ရပ်နောက်ပိုင်းမှာ မင်းသားလေးအနေနဲ့ တံခါးမှူးသမီးကို တွေ့မြင်ခွင့် ကြိမ်ဖန်များစွာ ရခဲ့ပါတယ်။ ဒါကြောင့်လည်း သူကလေးအကြောင်း ပိုပို သိလာရတာပဲ။

သူကလေး ကြင်နာသနားတတ်ပုံတွေ...

သိပ်ကို သဘောထားပြည့်ဝပုံတွေ...

mgyoe.com